# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး
# ဒသမနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၆ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၃း၀၄။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို နေ့လယ် ၁၃း၀၄ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၀၄။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၇ )ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို ( ၁၉၁ )ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၀၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအ ဝေးအထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုး သားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ (က) နဲ့ (ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ) အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ဒသမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ အချိန်ကိုင်ခဲ့ကွက်တဲ့အနေနဲ့ ခွင့်ပန်ကြားသူအားလုံး ပြီးတဲ့အခါကြမှ လွှတ်တော်ရဲ့ သဘောထားရယူခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဘရန်ရှောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၆။**

**ဦးဘရန်ရှောင်၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ကိုယ်စားလှယ် ဦးဂျေယောဝူ သည် ၎င်းရဲ့ ကလေး(၂)ယောက် ကျန်းမာရေးပြုစုနိုင်ရန်အတွက် မတ်လ(၆)ရက်နေ့ ကနေ(၉)ရက်နေ့ထိ ခွင့်ပြုပေးပါရန် ၎င်းကိုယ်စား ကျွန်တော် ကချင်ပြည်နယ် အမှတ်(၃) မဲဆန္ဒနယ်မှ ဦးဘရန်ရှောင် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဦးဖေသောင်း ကချင်(၆) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၇။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံပြည့် သည် ဆောင်ရွက်ရန် လုပ်ငန်းများရှိနေပါသဖြင့် ယနေ့ အမျိုးသားလွှတ်တော် အစည်းအဝေးကြီးမှ ခွင့် (၁)ရက် သတ်မှတ်ပေးရန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဖေသောင်း မှ ဦးစံပြည့် ကိုယ်စား ခွင့်တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၀၈။**

**ဥက္ကဋ္ဌ**။ ။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၈။**

**ဦးမန်းအောင်တင်မြင့်၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောသန်းထွန်းသည် ၎င်း၏ သား(၂)ဦး ရှင် သာမဏေဘောင်ဝင်ရန်

ဆောင်ရွက်နေရပါသဖြင့် ၆-၃-၂၀၁၂ (၁)ရက်အား ခွ င့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း၏ ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် မန်းအောင်တင်မြင့် မှ ခွင့်ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၃း၀၉။**

**ဥက္ကဋ္ဌ။** ။ ဦးဆလိုင်းခွဲယန် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၉။**

**ဦးဆလိုင်းခွဲယန်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစောမြဝင်း က ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိနေပါသဖြင့် ယနေ့ ၆-၃-၂၀၁၂ (၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ကျွန်တော် ဦး ဆလိုင်းခွဲယန် က တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာဝင်းမြင့်အောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စ စ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင့် ဟာ ကို ယ်ရေးကိုယ်တာကိစ္စ ဆောင်ရွက်ရန်ရှိပါသဖြင့် ၆-၃-၂၀၁၂ ယနေ့(၁)ရက်ကို ခွင့်အဖြစ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**ဥက္ကဋ္ဌ။** ။ ဦးကံညွန့်၊ စစ်ကိုင်း(၅) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၀။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ပဲခူး တိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖိုးဇော် ရဲ့ ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးဖိုး ဇော် ဟာ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါ၍ ယနေ့ ၆-၃-၂၀၁၂ ရက်နေ့အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ချစ်လွင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၁။**

**ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှို င် ဟာ အစာအိမ်ဝေဒနာ ခံစားနေရပါသ ဖြင့် ၆-၃-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်ချစ်လွင် က ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်စိန်၊ တနင်္သာရီ(၅) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၂။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးသန်းဆွေ ရဲ့ ကိုယ်စား ခွင့်တိုင်ကြားမှာဖြစ်ပါတယ်။ ဦးသန်းဆွေ သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ (၁)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၃။**

**ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်း ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှစိုး ကိုယ်စားခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးလှစိုး သည် ကိုယ်တိုင်ဆောင်ရွက်ရမည့် ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ (၁)ရက်အား ခွင့်ရက်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၄။**

**ဒေါက်တာခင်မောင်လေး၊ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးသိန်းဝင်း သည် နေမကောင်းပါသဖြင့် ၎င်း၏ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ကျွန်တော် ဒေါက်တာခင်မောင်လေး မှ ခွင့်ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၃း၁၄။**

**ဥက္ကဋ္ဌ။** ။ ဦးသက်နိုင်ဦး၊ ပဲခူး(၆) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၄။**

**ဦးသက်နိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန် ဟာ အဆုပ်ရောဂါ ဆက်လက်ကုသနေရပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးသက်နိုင်ဦး မှ ခွင့်ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၃း၁၅။**

**ဥက္ကဋ္ဌ။** ။ ဦးထွန်းဇော်(ခေါ်)ကိုပေါက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၅။**

**ဦးထွန်းဇော်(ခေါ်)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်း ဟာ နေမကောင်းပါသဖြင့် ယနေ့ ၆-၃-၂၀၁၂ ရက်နေ့ အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ၎င်း၏ကိုယ်စားကျွန်တော် ဦးထွန်းဇော်မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ။** ။ ဦးလှသိန်း၊ မကွေး(၃) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၆။**

**ဦးလှသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ထွန်း သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးကြည်ထွန်း ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ကျွန်တော်ဦးလှသိန်း မှ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၆။**

**ဥက္ကဋ္ဌ။** ။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၆။**

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် သည် ဒူးခေါင်းအရိုးကျီးပေါင်းတက်ရောဂါ ကုသနေရပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့ (၁)ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ၎င်းရဲ့ ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးတင်မောင်ဝင်း က လေးစားစွာ ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ။** ။ ဦးဌေးမောင်၊ မန္တလေး(၁၂) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ဌေးသည် နေမကောင်းပါသဖြင့်၆-၃-၂၀၁၂ ရက်နေ့ ခွင့်(၁)ရက်အဖြစ်သတ်မှတ်ပေးပါရန် ယင်း၏ကိုယ်စား မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် က ခွင့်ပန်ကြားအပ်ပါသည် ခင်ဗျား။

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ။** ။ ဦးစောအုန်း မွန်(၉) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းလွန်းအောင် သည် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်ရန် လုပ်ငန်းဆောင်တာများရှိနေပါ၍ ၆-၃-၂၀၁၂ ရက်နေ့ ယနေ့ ခွင့်(၁)ရက် ခွင့်ပြုပေးနိုင်ပါရန် ဦးမင်းလွန်းအောင် ၏ ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစောအုန်း မှ ရိုသေလေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ။** ။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဦးမြင့်လှိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း မှာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မတီတွင် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့(၁)ရက်အား ခွင့်အဖြစ်သတ်မှတ် ပေးပါရန် ကျွန်တော် ဦးမြင့်လှိုင် မှ ခွင့်ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ။** ။ ဦးမောင်အေးထွန်း၊ ရခိုင်(၉) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၈။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမောင်သာခင် မှာ ရန်ကုန်တွင်ရှိနေသော ၎င်း၏သားဖြစ်သူ နေမကောင်းဖြစ်နေပါ၍ ရန်ကုန်မြို့သို့ သွားရပါသဖြင့် ၆-၃-၂၀၁၂ ရက်နေ့ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးမောင်အေးထွန်း မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ။** ။ ဦးဆိုင်ပေါင်းနပ် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၈။**

**ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆိုင်ပေါင်းနပ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး ဟာ ကိုယ်တိုင်ဆောင်ရွက်ရန် အိမ်မှုကိစ္စရှိနေတဲ့ အတွက် ယနေ့အစည်းအဝေး မလာရောက်နိုင်ပါ။ သို့ဖြစ်တဲ့အတွက်ကြောင့် ယနေ့ အစည်းအဝေးပျက်ကွက်တဲ့ ၆-၃-၂၀၁၂ ရက်နေ့ကို ခွင့်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ၎င်းကိုယ်စားခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ။** ။ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၈။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဟာ မိမိကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စများရှိနေပါ သဖြင့် ဒီကနေ့ ၆-၃-၂၀၁၂ ကို ခွင့်(၁)ရက်အဖြစ် ခွင့်ပေးပါရန် ၎င်း၏ကိုယ်စား ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းဝင်းမောင် မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၁၉။**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် ရှမ်း(၆) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၉။**

**ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဦးဝီလ်ဆင်မိုး သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ၆-၃-၂၀၁၂ မှ ၈-၃-၂၀၁၂ ရက် နေ့အထိ ခွင့်(၃)ရက် သတ်မှတ်ပေးနိုင်ပါရန် ယင်း၏ကိုယ်စား ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ကျွန်တော် ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ် မှ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၃း၁၉။**

**ဥက္ကဋ္ဌ။** ။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၉။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာငွေးနိုင် သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါ သဖြင့် ယနေ့ ၆-၃-၂၀၁၂ (၁)ရက်အား ခွင့်ရက်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ဒေါက်တာငွေးနိုင် ၏ ကိုယ်စား ကျွန်တော် ဦးလှိုင်ဦး မှ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။ ဦးဉာဏ်လင်း ဧရာဝတီ(၃) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး ဟာ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိ နေပါသဖြင့် ယနေ့ ၆-၃-၂၀၁၂ ရက်နေ့ (၁)ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ၎င်း၏ ကိုယ်စား ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဉာဏ်လင်း က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုတင်ပြသွားတဲ့ ခွင့်ပန်ကြားချက်များနှင့် ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့် ပန်ကြားချက် များ ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၇)ဦး၊ ယခ င်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ(၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော် က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၂၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥ ပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအ ဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့် ပုဂ္ဂိုလ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၃း၂၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်း ကော်မတီဝင်တစ်ဦးက ပြန်လည် ဖတ်ကြားရှင်းလင်းမှာဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၀။**

**ဦးမြင့်ထွန်း (ဥပဒေကြမ်းကော်မတီဝင်)။** ။မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများ၊ ဒုတိယဝန်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းနှင့် ပတ်သက်လို့ ကော်မတီရဲ့ လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက်တွေကို ဖေဖော်ဝါရီလ (၂၁)ရက်နေ့က အမျိုးသားလွှ တ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ မှာ ကော်မတီ ကိုယ်စား ကျွန်တော် အစီရင်ခံ ဖတ်ကြားပေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီနေ့မှာ လွှတ်တော်ကိုယ်စားလှယ် (၅)ဦးက အကြံပြုဆွေးနွေးကြ တာဖြစ်ပါတယ်။ အဲဒီအကြံပြုဆွေးနွေးချက်တွေကို လွှတ်တော်က တာဝန် ပေးလို့ထပ်ပြီးတော့ ကြားနာလေ့လာစိ စစ်ခဲ့ပါတယ်။ ယခု အစီရင်ခံစာကို ကျွန်တော် တင်ပြပါ့မယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လေ့လာတွေ့ရှိချက်တွေအနေနဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်ပတ်သက်လို့ အကြံပြုဆွေးနွေးတဲ့ ကိုယ်စားလှယ်တွေနဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တာဝန်ရှိ သူတွေကိုဖိတ်ကြားပြီးတော့ ညှိနှိုင်းခဲ့တဲ့အခါမှာ သဘောတူခဲ့တာတွေကို တင်ပြပါ့မယ် ။ ပထမ ဒေါက်တာခင်ရွှေ က ဆွေးနွေး တဲ့အခါမှာ အခန်း (၂)၊ အပိုဒ် (၄)မှာပါတဲ့ တားမြစ်တဲ့ လုပ်ငန်းတွေ ဖြစ်တဲ့ ပုဒ်မခွဲ (ဂ)၊(ဃ)၊(င)၊(စ)၊ (ဆ) တို့မှာပါတဲ့ အချက်တွေနဲ့ကိုက်ညီဖို့ စဉ်းစားကြမယ်ဆို ရင် ရင်းနှီးမြှုပ်နှံသူတွေက ဘာစီးပွားရေးကိုမှ လုပ်နိုင်မှာ မဟုတ်လို့ နိုင်ငံတော်နဲ့ ပြည်သူ တွေရဲ့ ရရှိတဲ့ အကျိုးစီးပွားကို ရှေ့ရှုပြီး အဲဒီတားမြစ်ချက်တွေ ပြန် လည်စဉ်းစားသင့်တယ်လို့ ဆွေးနွေး

ကြပါတယ်။ ဒါကို နိုင်ငံတော် နဲ့ ပြည်သူအကျိုးစီးပွားအလို့ငှာ ဆိုပြီးတော့ ကျွ နှ်တော်တို့ ချင့်ချိန် စဉ်းစားကြပြီးတော့ ခွင့်ပြုသင့်တာဆိုရင် ခွင့်ပြုနိုင်တဲ့ လုပ်ငန်းတွေ ခွင့်ပြုမှာဖြစ်တဲ့အကြောင်းကို နည်းဥပဒေမှာပဲ အသေးစိတ်စဉ်းစားပြီး ခွင့်ပြုနိုင်ဖို့ ဖြည့်စွက်မယ်ဆိုပြီးတော့ ဒါသဘောတူခဲ့ကြ ပါတယ်။ နောက်တစ်ခု အခန်း (၃)၊ ပုဒ်မ ၅ စာကိုယ်မှာ ရင်းနှီးမြှုပ်နှံမှုအား အောက်ပါ မူများကို အခြေခံပြီး ခွင့်ပြုရမည်ဆိုပြီးတော့ ပြင်ဆ င်ရေးသားပြီးတော့ အခြေခံမူတွေမှာပါတဲ့ ပုဒ်မခွဲ (င) ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆိုတဲ့ အပိုဒ်ဟာ ကျွန်တော်တို့ နိုင်ငံအတွင်းက Taxi လုပ်ငန်းတွေလို ဝန်ဆောင်မှုလုပ် ငန်းတွေ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတွေအတွက် မပေးသင့်လို့ ဖြုတ်သင့်တယ်ဆိုပြီးတော့ ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ ဒီဆွေးနွေးခဲ့တဲ့ အပေါ်မှာ ပုဒ်မ ခွဲ (စ) မှာလည်း ဝန်ဆောင်မှုလုပ်ငန်းများကို အထောက်အကူပြုရေးဆိုတဲ့ အချက်ပါရှိပြီးဖြစ်လို့ ပုဒ်မခွဲ(င)ကို နုတ်ပယ်ကြဖို့ ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

အခန်း(၆)၊ ပုဒ်မ ၁၀ ကော်မရှင် လုပ်ပိုင်ခွင့်တွေကို ကြည့်လျှင် ပုဒ်မခွဲ (စ)မှာ လိုအပ်ပါက ငွေရေးကြေးရေး ကိစ္စရပ်များဆောင်ရွက်ရန် ကမကထပြုသူ သို့မဟုတ် ရင်းနှီး မြှုပ်နှံသူက အဆိုတင်ပြလာသည့် ဘဏ်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ် ခြင်း၊ လိုအပ်ပါက ငွေရေးကြေးရေးကိစ္စများဆောင်ရွက်ရန် ဘဏ်ကိုသတ်မှတ်ခြင်းမှာ ပါတဲ့ လိုအပ်ပါက ငွေရေး ကြေးရေးကိစ္စရပ်များဆောင်ရွက်ရန် ဘဏ် ကိုသတ်မှတ်ခြင်းဆိုတဲ့ စကားရပ်ကို ထည့်သွင်းထား လို့ရှိရင် လာရောက်ပြီးတော့မှ ရင်းနှီးမြှုပ်နှံတဲ့သူတွေ အဆင်ပြေမယ့်ဘဏ်နဲ့ပဲ လုပ်လို့ရမှာဖြစ်လို့ ဘဏ်အမျိုးအစားကို ကော်မရှင်က မသတ်မှတ်သင့်ဘူးလို့ ဆွေးနွေးကြပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်ပါက ငွေရေးကြေးရေး ကိစ္စရပ်များဆောင်ရွက်ရန် ဘဏ်ကိုသတ်မှတ်ခြင်း ဆိုတဲ့ စကားရပ်ကို နုတ်ပယ်ဖို့အားလုံး သဘောတူခဲ့ကြပါတယ်။ အခန်း(၇) ပုဒ်မ ၁၃ ပုဒ်မခွဲ (စ)၊(ဆ) ဒေါက်တာခင်ရွှေ တင်ပြတဲ့ထဲမှာ ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက် စေရန် အားပေး သည့်အနေဖြင့် အခြေ ပစ္စည်းများကိုရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်လျှင် လုပ်ငန်း အမျိုးအစား၊ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး၊ ရောင်းရသည့်တန်ဖိုး အပေါ်မူတည်ပြီးရရှိသော အမြတ်အစွန်းကို ၅၀ ရာခိုင်နှုန်း ထက် မပိုသည့် ကော်မရှင်က သတ်မှတ်သော ငွေပမာဏကို နိုင်ငံတော်သို့ ပေးသွင်းခြင်း ဆိုတဲ့ဟာကို ကျွန်တော်တို့ ဖော်ပြထားတာဟာ မလိုအပ်ပါဘူးဆိုတာ တွေ့ရပါတယ်။ ဘာလို့လဲဆိုတော့ ဒီအခြေပစ္စည်းတွေ သွင်းစဉ်တုန်းကလည်း အခွန်တွေ ပေးခဲ့ပြီးဖြစ်လို့ ဒါဟာ အခွန်နှစ်ထပ်ဖြစ်မှာစိုးလို့ ဒီတာဝန်ကို မထည့်သွင်းဘူးဆိုပြီးတော့ ကျွန်တော်တို့ ဆွေးနွေးချက်အပေါ်မှာ လက်ခံပြီးတော့ ဒီ (ဆ)ကို

ပုဒ်မခွဲ(ဆ)ကို နုတ်ပယ်ဖို့ ညှိနှိုင်းသဘောတူ ညီခဲ့ကြပါတယ်။ နော က်တစ်ခု အခန်း (၁၃)မူလ ပုဒ်မ ၂၄ မှာပါတဲ့ မြေငှားရမ်းခွင့်ကာလ ဒါမှ မဟုတ် မြေအသုံးပြုခွင့်ကာလကို ကန ဦးပေးမယ့် နှစ်(၃၀)အစား တ ခြားနိုင်ငံတွေလိုပဲ နှစ်(၆၀)ဒါမှမဟုတ်နှစ်(၉၀)ပေးသင့်တယ်လို့ ဆွေးနွေးခဲ့ ကြပါတယ်။ ဒီအပေါ်မှာ နှစ် (၃၀)အစား နှစ် (၅၀)လို့ အားလုံးသဘောတူပြီး တော့ ပြင်ဆင် ပြီးတော့ မူလ ပုဒ်မ(၂၅)မှာပါတဲ့ သက်တမ်းတိုးခွင့်ကိုတော့ (၁၅)နှစ်အစား(၁၀)နှစ်လို့ ပြင်ဆင်ဖို့ သဘောတူညီခဲ့ကြပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား ။ ဖထီးကြီး ဦးစောထွန်းမြအောင် ကရင်ပြည်နယ် က ဒီဥပဒေကြမ်း အခန်း (၇) ပုဒ်မ ၁၃ ရင်းနှီးမြှုပ်နှံသူရဲ့ တာ ဝန်တွေမှာ ပု ဒ်မခွဲအသစ်တစ်ခု ဖြည့်ပေးပါလို့ဆိုလာပါတယ်။ အဲဒါဘာလဲဆိုတော့ ရင်းနှီး မြှုပ်နှံသူသည် ကျေးရွာ၊ မြို့နယ်၊ ခရိုင်သို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်လွှဲထားသူ ကဖြစ်စေ လာရောက်ညှိနှိုင်း၍ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းကို မည်သို့ မည်ပုံပါဝင်ဆောင်ရွက် မည်ကို တိ ကျစွာလက်မှတ်ရေးထိုးပြီးမှ ပြည်နယ်နှင့်တိုင်းမှတစ်ဆင့် ကော်မရှင်သို့ တင်သွင်းရန် ဆိုပြီးတော့ အပိုဒ်တစ်ခု ဖြည့်ပေးပါလို့ ပြောတာဖြစ်ပါတယ်။ ဒါဟာ သက်ဆိုင်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့နဲ့ပဲ ညှိနှိုင်းခွင့်ပြု လို့ရတဲ့ အဆင့်လောက်ပဲ ထားကြဖို့ဆိုပြီးတော့ ညှိနှိုင်းသဘောတူကြပါတယ်။

နောက်တစ်ဦးဖြစ်တဲ့ ဦးစံပြည့် ကချင်ပြည်နယ်ရဲ့ ဆွေးနွေးချက် (၃)ခု ဖြစ်ပါတယ်။ ပထမအချက်က အခန်း (၂) အပိုဒ် ပုဒ်မ ၄ နယ်မြေလုံခြုံမှု ရှိ/မရှိ ဆိုတဲ့အချက်ကို ပုဒ်မခွဲတစ်ခု ထပ်ဖြည့်ပေးပါလို့ ဆွေးနွေးလာပါ တယ်။ ဒါလည်း ခုနကလိုဘဲ အသေး စိတ် နည်းဥပဒေရေးဆွဲ တဲ့အခါမှာ ထည့်သွင်းလိုက်ရင် ဖြစ်တယ်ဆိုတာ သဘောတူခဲ့ကြပါတယ်။ ယခုဆွေးနွေး တဲ့ ဒုတိယအချက်ကတော့ အခန်း (၆) ပုဒ်မ ၉ (က)ပါ စက်မှုနည်းပညာဆီလျော်မှုဆိုတဲ့ စကားရပ်ရဲ့ နောက်မှာ ရင်းနှီးမြှုပ်နှံသူကုမ္ပဏီရဲ့ အကြော င်းအချက်များဆိုတဲ့ စကားရပ်ထပ်မံ ဖြည့်ပေးဖို့ ဆွေးနွေးပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကို စောင့်ကြည့်ဖို့ဆိုတာ မထည့်သင့်လို့မထည့်ဖို့ ဆွေးနွေး တဲ့အခါမှာလည်း သဘောတူညီခဲ့ကြပါတယ်။ ကိုယ်စားလှယ်ကြီးရဲ့ တတိယအချက်က အခန်း(၆) ပုဒ်မ ၉ ကော်မရှင်ရဲ့လုပ်ငန်း တာဝန်တွေမှာ အခြေခံမှုတွေနဲ့ မလွဲချော်ရအောင် ပုဒ်မခွဲတစ်ခု ထပ်ထည့်ဖို့ ပြောပါတ ယ်။ ဒါက ဤဥပဒေပါ အခြေခံမူများနဲ့ ကိုက်ညီမှု ရှိ /မရှိ စိစစ်၍ အဆိုပြုချက်ကို ခွင့်ပြုခြင်းလို့ ဖြည့်သင့် တယ်လို့ဆိုပါတယ်။ ဒါကလည်း ပုဒ်မ ၅ စာကိုယ်မှာ

ရင်းနှီးမြှုပ်နှံမှုအား အောက်ပါမူများကို အခြေခံ ပြီး ခွင့်ပြုရမည် ဆိုတဲ့ ပြင်ဆင်ချက်အနေနဲ့ပါပြီး ဖြစ်လို့ ဖြည့်စရာမလိုတဲ့အတွက် ညှိနှိုင်းသဘောတူညီခဲ့ကြပါတယ်။

နောက် ကိုယ်စားလှယ်တစ်ဦး ဆွေးနွေးခဲ့တာကတော့ ဦးဌေးဝင်း(ခေါ်) ဦးဇာယာဒ်ရော်မံ ဖြစ်ပါတယ်။ သူက ရင်းနှီး မြှုပ်နှံသူတွေ အမှန်တကယ်စီးပွားရေး လုပ်ဆောင်ဖို့လာတာတွေရှိ သလို တချို့ကလည်း မမှန်မကန် လုပ်နိုင်တာတွေရှိတယ်ဆိုပြီးတော့ ကော်မရှင်ရဲ့လု ပ်ငန်းတွေ ၊တာဝန်တွေမှာ ရင်းနှီး မြှုပ်နှံသူတွေရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေ တိုးတက်မှုတွေကို စောင့် ကြည့်ဖို့ဆိုတဲ့ တာဝန်တစ်ရပ်ထည့်သင့်တယ်လို့ဆိုပါတယ်။ ဒါလည်း အားလုံးသဘောတူ လက်ခံ ပြီးတော့ ဥပဒေကြမ်း အခန်း (၆) ပုဒ်မ ၁၂ ရဲ့ အောက်မှာ ပုဒ်မ ၁၃ အနေနဲ့ ကော်မရှင်မှ ခွင့်ပြုသောလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှုအခြေ အနေများကို (၆)လ တစ်ကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် အစီရင်ခံ တင်ပြရ မည်ဆိုပြီးတော့ ပုဒ်မအသစ်တစ်ခု ထပ်ဖြည့်လိုက်ကြပါတယ်။ ဒါကြောင့် မူလပုဒ်မ ၁၃ က ပုဒ်မ ၄၀ အထိ အစား ပုဒ်မ ၁၄ ကနေ ပုဒ်မ ၄၁ အထိ ကို ပြောင်းလဲစဥ် လုပ်ခဲ့ကြပါတယ်။ နောက်ဆုံး တစ်ဦးဖြစ် တဲ့ ဆရာဦးဇော်မြင့်ဖေ က တင်ပြတဲ့ အထဲမှာ အခန်း (၆)ပုဒ်မ ၉ ပုဒ်မခွဲ(ဆ)မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဖြည့်စွက်ရေး သားထားတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို လုပ်ကိုင်ခြင်း နဲ့ စပ်လျဥ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုတဲ့ စာပိုဒ်ကို တိုင်းဒေသကြီးနဲ့ပြည်နယ် စီးပွားဖွံ့ ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့ ၏သဘောတူညီချက်အရ ဆောင်ရွက်ခွင့်ရသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစား များနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်မည့်လုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုခြင်းနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းခွင့်ပြုဆောင်ရွက်ခြင်းလို့ ပြင်ဆင်လိုကြောင်း ဆွေး နွေး ပါတယ်။ အဲဒီဆွေးနွေးချက်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ ညှိနှိုင်းကြပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်အရ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများနဲ့ စပ်လျဥ်းပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည် နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်း ခွင့်ပြု ဆောင်ရွက်ခြင်း လို့ပြင်ဆင်ဖို့ သဘောတူခဲ့ကြပါတယ်။ နောက်တစ်ခု အခန်း (၆) ပုဒ်မ ၁၀ ပုဒ်မခွဲ (စ)ကို ဒေါက်တာခင်ရွှေ ဆွေးနွေးခဲ့သလိုပဲ ကော်မရှင်က ဘဏ်ကို သတ်မှတ်ပေးတာ မဟုတ်ဘဲနဲ့

မဖြစ်သင့်ဘူးဆိုပြီးတော့ ဆွေးနွေးခဲ့ကြပါတယ်။ နောက်တစ်ခုက အခန်း (၁၅) ပုဒ်မ ၃၃ စာကိုယ် မှာပါတဲ့ ကော်မရှင်က သတ်မှတ်ပေးသောဘဏ်အစား နိုင်ငံတော်ကခွင့်ပြုသော ဘဏ် တစ်ခု ခုလို့ ပြင်ဆင်ဆွေးနွေးခဲ့ကြတဲ့အပေါ်မှာ SEZ ဥပဒေမှာ သုံးထားတဲ့အတိုင်း မြန် မာနိုင်ငံ အတွင်းရှိ နိုင်ငံခြား ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိ သည့် ဘဏ်တစ်ခုခုလို့ အစားထိုး ကြဖို့ သဘောတူခဲ့ပါတယ်။ နောက်တစ်ခုကတော့ အခန်း (၁၆) ပုဒ်မ ၃၄ ပုဒ်မခွဲ(က)နဲ့(ခ) ပုဒ်မ ၃၅ တို့မှာပါတဲ့ ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ ကော် မရှင်က သတ်မှတ်သော ဘဏ်များ ဆိုတာမှာလည်း အတူတူပါပဲ။ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုလို့ အစားထိုးလိုက်ကြပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လို့ လုပ်တဲ့ ကိစ္စရပ်တွေဟာ အခြားဥပဒေ တွေနဲ့ မတူညီလို့ရှိရင် အထူး ဥပဒေတစ်ရပ်ဖြစ်လို့ ဒီဥပဒေအရ လုပ်ဖို့လိုတဲ့အတွက် အခန်း(၁၉) အထွေထွေအခန်းမှာ ပုဒ်မ ၄၂ အနေနဲ့ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေ နှင့်အညီသာ ဆောင်ရွက် ရမည်ဆိုပြီးတော့ ပုဒ်မအသစ်တစ်ခု ဖြည့် လိုက်ကြပါတယ်။ ဒါကြောင့် မူလ ပုဒ်မ ၄၁ မှ ၄၇ အထိကို ပုဒ်မ ၄၃ မှ ပုဒ်မ ၄၉ ဆိုပြီးတော့ ပြောင်းလဲ အမှတ်စဥ်ခဲ့ပါတယ်။ ကော်မတီရဲ့ သဘောထားမှတ်ချက်ကို တင်ပြရရင် ဥပဒေကြမ်းကော်မတီဟာ အကြံပြုဆွေးနွေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်(၅)ဦးနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတာဝန်ရှိသူတွေကို ဖိတ်ကြားပြီးတော့ ကျွန်တော် ဆွေးနွေးခဲ့ကြပါတယ်။ အခန်း (၂) အပိုဒ်(၄) စာကိုယ်မှာ နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအလို့ငှာဆိုတဲ့ စကား ရပ်ကို ကန့်သတ်သည့် သို့မဟုတ် တားမြစ် သည့်လုပ်ငန်းများဆိုတဲ့ စကားရပ်အရှေ့မှာ ထပ်ပြီးတော့ ဖြည့်ခဲ့ပါတယ်။ နောက်အခန်း(၃) ပုဒ်မ ၅ စာကိုယ်မှာ ရင်းနှီး မြှုပ်နှံမှုအား အောက်ပါမူများ ကို အခြေခံပြီး ခွင့်ပြုရမည်ဆိုပြီး ပြင်ဆင်ခဲ့ပါတယ်။ အခန်း (၃) ပုဒ်မ ၅ အခြေခံမူတွေမှာ ပါဝင်တဲ့ မူလ ပုဒ်မခွဲ (င) ဥပဒေကြမ်းကော်မတီကိုပြင်ဆင်ပြီး ပု ဒ်မခွဲ (စ)ကို နုတ် ပယ်ခဲ့ပါတယ်။ အခန်း(၆) ပုဒ်မ ၅ ပုဒ်မခွဲ(ဆ)ကိုလည်း ပြင်ဆင်ပါတယ်။ အခန်း (၆) ပုဒ်မ ၁၀ ပုဒ်မခွဲ(စ) လိုအပ်ပါက ငွေရေးကြေးရေးကိစ္စများကို ဆောင်ရွက်ရန် ဘဏ်ကိုသတ်မှတ်ခြင်းဆိုတဲ့ စကားရပ် ကိုနုတ်ပယ်ပါတယ်။ အခန်း (၆) ပုဒ်မ ၁၂ ရဲ့အောက်မှာ ပုဒ်မ ၁၃ အဖြစ်နဲ့ ပုဒ်မ အသစ်တစ်ခု ဖြည့်စွက်ပါတယ်။ အခန်း(၇) မူလ ပုဒ်မ ၁၃ ကို ထပ် မံညှိနှိုင်းပြီးတော့ ပြင်ဆင် ပုဒ်မ ၁၄ မှာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက ဖြည့်စွက်တဲ့ ပုဒ်မခွဲ (ဆ)ကို နုတ်ပယ်ပြီးတော့ ဖြည့်စွက် ပုဒ်မခွဲ(ဇ)ကို (ဆ)အဖြစ်နဲ့ ပြောင်းလဲအက္ခရာစဥ်ခဲ့ပါတယ်။ အခန်း (၁၃) မူလပုဒ်မ ၂၄ ကို

ထပ်မံညှိနှိုင်းပြီးတော့ ပြင်ဆင်ပုဒ်မ ၂၅ မှာပါတဲ့ ကနဦးနှစ် (၃၀) အစား ကနဦးနှစ် (၅၀)လို့ ပြင်ဆင်ပါတယ်။ မူလ ပုဒ်မ၂၅ ပြင်ဆင် ပုဒ်မ ၂၆ မှာပါတဲ့ သက်တမ်းတိုးခွင့် ကိုလည်း (၁၅)နှစ် အစား (၁၀)နှစ်လို့ ပြင်ဆင်ခဲ့ပါတယ်။ အခန်း (၁၅) မူလပုဒ်မ ၃၃ ကို ညှိနှိုင်းကြ ပြီးတော့ ပြင်ဆင်ပုဒ်မ ၃၄ မှာပါတဲ့ ကော်မရှင်က သတ်မှတ်သောဘဏ် မူလပုဒ်မ ၃၄ (က)၊(ခ) ထပ်မံညှိနှိုင်းပြီးတော့ ပြင်ဆင် ပုဒ်မ ၃၅ (က)၊(ခ) မူလပုဒ်မ၃၅ ထပ်မံညှိနှိုင်းပြီးတော့ ပြင်ဆင် ပုဒ်မ ၃၆ မှာပါတဲ့ ကော်မရှင်၏ ခွင့်ပြု ချက်နှင့် ကော်မရှင်က သတ်မှတ်သော ဘဏ်ဆိုတဲ့ စကားရပ်တွေကို နိုင်ငံတော်အတွင်းရှိ နို ငံငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်လို့ အစားထိုးခဲ့ကြပါတယ်။ အခန်း(၁၉)မှာလည်း ပုဒ်မအသစ်တစ်ခု ထပ်မံဖြည့်စွက်ခြင်းကိုလည်း သဘောတူခဲ့ကြပါတယ်။ နိဂုံးချုပ်အနေနဲ့တင်ပြရရင် မူလအစမှာ အခန်း (၁၉)ခန်း ပု ဒ်မပေါင်း ၄၇ ခု ပါပြီးတော့ အခု ထပ်ပြီးတော့ ကျွန်တော်တို့ ထပ်မံညှိနှိုင်းပြီးတော့ ဖြည့်လိုက်ကြတဲ့အခါမှာ အခန်း(၁၉)ခန်း ပုဒ်မပေါင်း ၄၉ ခုဖြစ်လာပါတယ်။ ဒီလိုဖြည့်စွက်ပြင်ဆင်ထားတဲ့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ အတည်ပြုပေးနိုင်ဖို့ ဥပဒေကြမ်းကော်မတီကိုယ်စား အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။(သြဘာသံများ)

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၃း၃၈။**

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် တွဲဖက်အတွင်းရေးမှူး (ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး) သူရဦးသောင်းလွင် က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၈။**

**သူရဦးသောင်းလွင်(တွဲဖက်အတွင်းရေးမှူးမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှ င့် အမျိုးသားလွှတ်တော်ကိုယ်စား လှယ် များခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် ယနေ့ကျင်းပသော ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွဲဖက်အတွင်းရေးမှူး (ရထားပို့ဆောင်ရေး

ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ) ကျွန်တော် သူရဦးသောင်းလွင် မှ လေးစားစွာ အဆိုတင်သွင်း အပ်ပါသည်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောထားရယူခြင်း

**အချိန်၊ ၁၃း၃၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန်ဖြစ်သည်။

ဒီအဆိုကို သဘောတူ လျှင်တူတယ်လို့ပြောပါ။

အဆိုကို သဘောမတူလျှင် မတူဘူးလို့ပြောကြပါ။

အဆိုကိုသဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

**ဥက္ကဋ္ဌ။** ။အဆိုကို သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကိုတစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၃း၄၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အ တည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူ မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပုံစံအမှန် ပြင်ဆင်ချက် -

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ

(၂၀၁၂ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ရက်

(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ်ပုံစံအမှန် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်ပုံစံအမှန် ပြင်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁)၊ အပိုဒ် ၁

"ဤဥပဒေကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ဟု ခေါ်တွင်စေရမည်" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁)၊ အပိုဒ် ၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အခန်း(၁)၊ အပိုဒ် ၂

(က) “နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည် ” ဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင်တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁)၊ အပိုဒ် ၂ (က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁)၊ အပိုဒ် ၂(ခ)

(ဂ) “ပြည်ထောင်စုအစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။ ဤဥပဒေကြမ်း ပုဒ်မ ၃၊ ၄၊ ၈၊ ၉(ဃ)(င)၊ ၁၀(ခ)၊ ၁၂၊ မူလပုဒ်မ ၁၄(ဇ)၊ ၂၂၊ ၂၆၊ ၂၇၊ ၂၈၊ ၃၈၊ ၄၄ ပြင်ဆင် ဖြည့်စွက်ပြီးနောက် ၁၅(ဇ)၊ ၂၃၊ ၂၇၊ ၂၈၊ ၂၉၊ ၃၉၊ ၄၆ တို့ပါ အစိုးရ သို့မဟုတ် အစိုးရအဖွဲ့ဟူသည့် စကားရပ်များအစား ပြည်ထောင်စု အစိုးရအဖွဲ့ ”ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁)၊ အပိုဒ် ၂(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁)၊ အပိုဒ် ၂(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁)၊ အပိုဒ် ၂ (ဇ)၊ အပိုဒ်ခွဲငယ်(၃)

"လိုင်စင်၊ တီထွင်မှုပိုင်ဆိုင်ခွ င့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ် တံဆိပ်၊ မူပိုင်ခွင့်စသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းများကို တန်ဖိုးဖြတ်နိုင်သော အခွင့်အရေး"ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁)၊ အပိုဒ် ၂ (ဇ)၊ အပိုဒ်ခွဲ ငယ် (၃) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁)၊ အပိုဒ် ၂ (ဇ)၊ အပိုဒ်ခွဲငယ်(၃) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၂)၊ အပိုဒ် ၄(က)၊(ခ)၊(င)၊(စ)

ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများအဖြစ် သတ်မှတ်နိုင်သည် -

(က) နိုင်ငံတော်အတွင်းတိုင်းရင်းသားလူမျိုးများ၏ရိုးရာယဉ်ကျေးမှု နှင့် ဓလေ့ထုံးစံများကိုထိခိုက်စေသောလုပ်ငန်းများ၊

(ခ) လူနေထိုင်ရာရပ်ဝန်းအတွင်းအများပြည်သူ၏ ပတ်ဝန်းကျင်ကို ထိခိုက်စေမှု၊ အသံဆူညံမှု ဖြစ်ပေါ်စေသော လုပ်ငန်းများ၊

(င) နိုင်ငံတော်အတွင်းရှိ တိရစ္ဆာန်၊ ကျေးငှက်၊ ကုန်းနေရေနေသတ္တဝါများ၊ သစ်ပင်၊ ပန်းမန်၊ စိုက်ပျိုးသီးနှံ စသည်တို့ကို ထိခိုက်စေနိုင်သောလုပ်ငန်းများ၊

(စ) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသောသို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများသယ်ဆောင်လာနိုင်သည့် လုပ်ငန်းများဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

ဘာလဲခင်ဗျား။ သဘောမတူတာရှိလား ။ မဟုတ်ဘူးလေ သ ဘောမတူတာရှိလား သဘောမတူတဲ့သူရှိပါလို့ ပြောရင် ပြောလေ။ ဘယ်အပိုဒ်ကို -----

**အချိန်၊ ၁၃း၄၂။**

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ကျော်သွားမှာကြောက်လို့။ ဒီ အပိုဒ်မှာပဲခင်ဗျား။ ကျွန်တော်တို့လည်း ကိုယ်နေထိုင်မကောင်း လို့ ခွင့်ယူတာနဲ့ ဘာနဲ့ဆိုတော့ ကျွန်တော် တို့ ကော်မရှင် ဥပဒေကြမ်းကော်မတီအလို့ငှာ ဆွေးနွေးခဲ့တဲ့ ဟာလေးကို ပြည်သူ့လွှတ်တော် ဘက်ကိုရောက် လို့ရှိရင် တစ်မျိုးဖြစ်မှာ စိုးလို့ နည်းနည်းလေး တင်ပြရှင်းလင်းပါရစေ။ အခု တင်ရေးထားတဲ့ ကျွန်တော်တို့ နည်းနည်းလေး ကော်မရှင်သည်

ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားအလို့ငှာ ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများအဖြစ် သတ်မှတ် နိုင်သည်ဆိုတော့ ကန့်သတ်တာတို့ တားမြစ်တာတို့ဟာ ပြည်သူ့ အကျိုးစီးပွားအတွက် စတင်ဆွေးနွေးခဲ့စဥ်က ကျွန်တော်တို့ အဆိုရှင်လည်းပါတယ်ခင်ဗျား။ ဒီသတ်မှတ်ထားတဲ့ ကန့်သတ်တဲ့ တားမြစ်တဲ့ လုပ်ငန်း ပုဒ်မ ၄ ဒီ (က) ကနေ (ဆ)အထိဟာ သေချာကြည့်လိုက်လို့ရှိရင် နိုင်ငံတော်နှင့် ပြည်သူ့ အကျိုးစီးပွားအလို့ငှာ ကြည့်လိုက်မယ်လို့ ရှိရင် ဘာမှလုပ်လို့ ကို မဖြစ်နိုင်တဲ့ အနေအထားရှိ တယ်။ Inverstor တွေကို ပြန်ကန်တဲ့သဘော ဖြစ်နိုင်တယ်ဆိုပြီးတော့ ဆွေးနွေးပါ တယ်ခင်ဗျား။ ဆွေးနွေးလိုက်တဲ့အတွက် ကျွန်တော် တို့က နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအလို့ ငှာဆိုတဲ့ ဒီစကားလုံးကို ထည့်ဖို့လိုမယ်လို့ ညှိနှိုင်း သဘောတူညီခဲ့ပါတယ်။ အဲဒီတော့ ဖြည့်ရမှာက ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် တင်ပြပါရစေ။ ပုဒ်မ ၄ ကော်မရှင်သည် အစိုးရ၏ကြိုတင်သဘောတူညီချက်ဖြင့် အောက်ပါ ရင်းနှီးမှုလုပ်ငန်း များကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့်လုပ်ငန်းအဖြစ် သတ်မှတ်နိုင်သည်ဆိုတော့ ဒီလို လုပ်လိုက်ပါတယ်။ အဲဒါပြီးရင် ပုဒ်မ ၅ ကော်မရှင်သည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုး စီးပွားအလို့ငှာ ချင့်ချိန်တွက်ဆ၍ အထက်ပါကန့်သတ်မှုနှင့် တားမြစ်မှုများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှော့ ပေါ့ခွင့်ပြု သတ်မှတ်နိုင်သည်ဆိုလို့ရှိရင် ပိုပြီးတော့ အဓိပ္ပာယ်ဟာ ပြီးပြည့်စုံတဲ့ အနေအထားမျိုးဖြစ်သွားမယ်ဆိုရင် ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီရဲ့ သဘောထားနဲ့လည်းပဲ သဘောတစ်ထပ်တည်းဖြစ်မှာဖြစ်သလို ဦးခင်ရွှေ ရဲ့ သဘောထားနဲ့လည်းပဲ တိုက်ဆိုင်မယ့်အနေအထား ဖြစ်ပါတယ်ခင်ဗျား ။ ဒါလေးကဟာ လက်မလွန်ခင်လေးပါပဲ။ ဒါ ကျွန်တော်တို့ staff နဲ့ ကျွန်တော်တို့ ရဲ့ ကြားထဲမှာနည်းနည်းလေး ကြားဟာသွားတဲ့ အနေအထားလေး ဖြစ်ပါတယ်။ အဲဒီလို ပုဒ်မ တစ်ခုလေးများ တိုးလိုက်လို့ရှိရင် ပိုပြီးတော့များ အဆင်ပြေပါမယ်လို့ အဲဒါလေး တင်ပြတာပါခင်ဗျား။ သဘောထား ဘာမှကွဲလွဲမှု မရှိပါဘူး။ ပြည့်စုံအောင်တင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ ခင်ဗျားတို့ ဥပဒေကြမ်းကော်မတီက အားလုံး သဘောတူ သလား။

**ကိုယ်စားလှယ်များ။** ။တူပါတယ်။

**ဥက္ကဋ္ဌ**။ ။တူတယ်နော်။ တူတယ်ဆိုရင်ဒီ Script တွေ ပြင်ရမှာပေါ့။ ဟုတ်တယ် မဟုတ်လား။ အစအဆုံးပြန် ပြင်ရမှာပေါ့။ ပုဒ်မတိုးတယ်ဆိုရင် အမှတ်စဥ်တွေ ပြောင်းတာ ဖြစ်လာအုံးမှာ ဟုတ်တယ်မဟုတ်လား။ ဒါဆို ဒီနေ့လုပ်လို့မရတော့ဘူး။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ရတယ်ခင်ဗျား။ ကျွန်တော်ဒီတစ်ချက်ပဲ တိုးလိုက်ရင် ဖြစ်ပါတယ်ခင်ဗျား။ အတည်ပြုလို့ရပါတယ်။

**ဥက္ကဋ္ဌ**။ ။ဟုတ်ပြီလေ။ ဒီတစ်ချက်တည်းဆိုတော့ ဘယ်အမှတ်စဥ်တွေ ပြောင်း သွားနိုင်သလဲ။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ပုဒ်မ ၄ က ပုဒ်မ ၅ ဖြစ်သွားပါလိမ့်မယ်။ ပုဒ်မ ၄ အောက်မှာ ပုဒ်မ ၅ ဆိုပြီးတော့ ကော်မရှင်သည် နိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးစီးပွားအလို့ငှာ ချင့်ချိန်တွက်ဆ၍ အထက်ပါကန့်သတ်မှုနှင့် တားမြစ်မှုများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လျှော့ပေါ့သတ်မှတ်နိုင်သည်။ ဒီလိုလုပ်လိုက်ရင်တော့ရပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါပြန်ပြင်ရမယ်။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ဟုတ်ကဲ့ခင်ဗျား။ တစ်ပိုဒ်တိုး သွားပါမယ်။ ပုဒ်မတစ်ခု တိုးသွားပါမယ်။ အဲဒီလိုဆိုရင် ပုဒ်မ စုစုပေါင်း ၄၇ ရှိတာ ၄၈ ဖြစ်သွားပါမယ်။ ၅၀ ဖြစ်သွားပါမယ်။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အဲတော့ ဟုတ်ပြီ။ ခဏနားမယ်။ နားပြီး ခင်ဗျားတို့ပြင်လိုက်ပါ။ ဒီ Script ကို လက်ရေးနဲ့ပြင်လို့ရပါတယ်။ ဟုတ်ပြီနော်။ အခုဆိုလို့ရှိရင် ကျွန်တော်တို့က ၂ (ဇ) အပိုဒ်ခွဲငယ် ၃ ပြီးသွားပြီ။ ပြီးသွားတဲ့အခါမှာ အခုပြောတာ အခန်း (၂) အပိုဒ် ၄၊ ပုဒ်မ ၄ အဲဒီကစပြီးတော့ ပြင်ရမယ်။ ဟုတ်ပြီနော်။ ကောင်းပါတယ်။ နည်းနည်းနားရတာပေါ့။ ကဲ ၁၅မိနစ်ရမယ်။အစည်းအဝေးကို ၁၅မိနစ် ရပ်နားမှာဖြစ်ကြောင်း ကြေညာပါတယ်။ ဥက္ကဋ္ဌချည်းပဲ အော်နေရတယ်။ ခင်ဗျားတို့က မေးလိုက်နေတယ်။ သဘောတူပါတယ်ဆိုတဲ့ အသံတွေကလည်း နည်းနည်းပျော့ပြီးတော့ ဒါပြင်လိုက်ပါ။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အစည်းအဝေးကို မွန်းလွဲ (၂)နာရီ အချိန်မှာ ပြန်လည် ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၃း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၀၉ အချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၄း၀၉။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသည့်စင်မြင့်ပေါ်တွင် နေရာယူပါ သည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။ဆက်ပြီးဆောင်ရွက်ပါမယ်။ အမျိုး သားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ပြင်ဆင်ချက်-

အခန်း(၂)အပိုဒ် ၄ (က)၊(ခ)၊( င)၊(စ)

ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့် လုပ်ငန်းများအဖြစ် သတ်မှတ်နိုင်သည်။

(က) နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံ များကို ထိခိုက်စေသောလုပ်ငန်းများ၊

(ခ) လူနေထိုင်ရာရပ်ဝန်းအတွင်း အများပြည်သူ၏ ပတ်ဝန်းကျင်ကို ထိခိုက်စေမှု ၊ အသံဆူညံမှုဖြစ် ပေါ်စေသော လုပ်ငန်းများ၊

(င) နိုင်ငံတော်အတွင်းရှိ တိရစ္ဆာန်၊ ကျေးငှက်၊ ကုန်းနေရေနေ သတ္တဝါများ၊ သစ်ပင်၊ ပန်းမန်၊ စိုက်ပျိုးသီးနှံ စသည်တို့ကို ထိခိုက်စေနိုင်သော လုပ်ငန်းများ၊

(စ)နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာ နိုင်သည့်လုပ်ငန်းများဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၂)၊ အပိုဒ် ၄(က)၊(ခ)၊(င)၊(စ) သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်- အခန်း(၂)၊ အပိုဒ် ၅

ကော်မရှင်သည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအလို့ငှာ ချင့်ချိန် တွက်ဆ၍ အထက်ပါကန့်သတ်မှုနှင့်တားမြစ်မှုများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက ဖြင့် လျှော့ပေါ့သတ်မှတ်နိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၂) အပိုဒ် ၅ ဖြည့်စွက်ချက် အတည်ဖြစ်သည်။ ဖြည့်စွက်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၂) အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၃) အပိုဒ် ၆

"ရင်းနှီးမြှုပ်နှံမှုအား အောက်ပါမူများကို အခြေခံပြီး ခွင့်ပြုရမည် "ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၆ ပြင်ဆင်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း (၃)၊အပိုဒ် ၆သည် ဤဥပ ဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက်- အခန်း(၃)၊ အပိုဒ် ၆ (က)

"အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၏ အဓိကရည်မှန်းချက်များကို အထောက်အကူ ပြုရေး "ဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၆ ဖြည့်စွက်ချက် အတည်ဖြစ်သည်။ ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၃)၊ အပိုဒ် ၆(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း(၃)၊ အပိုဒ် ၆ (ဃ)

“ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး”ဟုပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၃)၊ အပိုဒ် ၆ (ဃ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၆(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြ င်ဆင်ချက်- အခန်း(၅)၊ အပိုဒ် ၉(က)

"ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်သင့်လျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ဖွဲ့စည်းရမည်" ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကိုသဘောတူလျှင်တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၉(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၅)၊ အပိုဒ် ၉(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၆)၊ အပိုဒ် ၁၀(က)

"အဆိုပြုချက်များကို စိစစ်ရာတွင် ငွေရေးကြေးရေး ယုံကြည်စိတ်ချမှု၊ လုပ်ငန်း၏စီးပွားရေးတွက်ခြေကိုက်မှု၊ စက်မှုနည်းပညာဆီလျော်မှု ပတ်ဝန်းကျင်ထိန်း သိမ်းကာကွယ်မှု စသည့် အချက်အလက်များကိုသုံးသပ်ခြင်း" ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက် ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၆)၊ အပိုဒ် ၁၀(က) ပြင်ဆင်ချက်အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၀(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အခန်း(၆)၊ အပိုဒ် ၁၀ (ဆ)

"တိုင်းဒေသကြီးနှင့်ပြည်နယ် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ လုပ်ကိုင်ဆောင်ရွက်ခွင့်ရသော နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း" ဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၀ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၀(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၆)၊ အပိုဒ် ၁၁(ခ)

"အဆိုပြုချက်ကို လက်ခံလျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက ်ဖြင့် ခွင့်ပြုမိန့်အား ကမကထပြုသူကို ထုတ်ပေးခြင်း" ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် အခန်း (၆)၊ အပိုဒ် ၁၁(ခ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၁(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၆)၊ အပိုဒ် ၁၁(စ)

"ငွေရေးကြေးရေးကိစ္စရပ်များဆောင်ရွက်ရန် ကမကထပြုသူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက အဆိုပြုတင်ပြလာသည့်ဘဏ်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း " ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် အခန်း (၆)၊ အပိုဒ် ၁၁(စ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း (၆)၊ အပိုဒ် ၁၁(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံဖြည့်စွက်ချက် အခန်း(၆)

၁၄။ "ကော်မရှင်မှ ခွင့်ပြုသော လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို ခြောက်လတစ်ကြိမ် ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးတွင် အစီရင်ခံ တင်ပြရမည်" ဟု ထပ်မံဖြည့်စွက်ထားပါတယ်။

ဒီထပ်မံဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၆) ထပ်မံဖြည့်စွက်ချက် အတည်ဖြစ်သည်။

ထပ်မံဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၆)၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၇)၊ အပိုဒ် ၁၃(က)၊ (စ)

၁၅(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် ခွင့်ပြုမိန့်တို့ပါစည်းကမ်းချက်များကို လိုက်နာခြင်း၊

၁၅(စ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရန် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၇)၊ အပိုဒ် ၁၃(က)၊ (စ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ် တဲ့အတွက် အခန်း (၇)၊ အပိုဒ် ၁၅(က)၊ (စ) သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အခန်း(၇)၊ အပိုဒ် ၁၃၊

၁၅ (ဆ) "နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မိမိ၏အစု ရှယ်ယာ အားလုံးကို နိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချလျှင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက်ရယူ၍ခွင့်ပြုမိန့်ကို ပြန်လည်အပ်နှံပြီးမှသာ တည်ဆဲဥပဒေများနှင့် အညီ အစုရှယ်ယာလွှဲပြောင်းခြင်းကို မှတ်ပုံတင်ခြင်း "ဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူ လျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၇)၊ အပိုဒ် ၁၃ ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၇)၊ အပိုဒ် ၁၅(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၇)၊ အပိုဒ် ၁၄ (ခ)၊ (ဂ)၊ (ဆ)

၁၆ (ခ) ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဆောင်ရွက်နိုင် စေရန်အားပေးသည့် အနေ ဖြင့်အခြေပစ္စည်းကိုရောင်းချခြင်း၊ လဲလှယ်ခြင်းသို့မဟုတ်အခြားနည်း ဖြင့် လွှဲပြောင်းခြင်း၊

(ဂ) နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မိမိ၏ အစုရှယ်ယာအားလုံးကို နိုင်ငံခြားသား တစ်ဦးဦး သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုခုသို့အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်း၊

(ဆ)ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်လျက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း တွင် နည်းပညာသစ် များတီထွင်ခြင်း၊ ထုတ်ကုန် အရည်အသွေးတိုးမြှင့်ခြင်း၊ ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချခြင်းများအတွက် အကျိုးခံစားခွင့်များ ပိုမိုရရှိစေရန် ကော်မရှင် သို့ တင်ပြလျှောက်ထားခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၇)၊ အပိုဒ် ၁၄(ခ)၊(ဂ)၊(ဆ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၇)၊ အပိုဒ် ၁၆(ခ)၊ (ဂ)၊ (ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၀)၊ အပိုဒ် ၂၀(ဂ)

၂၂။ "အလုပ်ရှင်အချင်းချင်း၊ အလုပ်သမားအချင်းချင်း၊ အလုပ်ရှင်နှင့် အလုပ်သမား၊ အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှု များကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့် အညီဖြေရှင်းရမည်" ဟုပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၀)၊ အပိုဒ် ၂၀(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၂)၊ အပိုဒ် ၂၂။

၂၄။ "ပြည်ထောင်စုအစိုးရအဖွဲ့သည် ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းသည့် စီးပွားရေးလုပ်ငန်းကို ပဋိညာဉ်စာချုပ်ပါသက်တမ်း သို့မဟုတ် ယင်းသက်တမ်းကို တိုးမြှင့်ပေးလျှင် ယင်းသို့ တိုးမြှင့်ပေးသည့် သက်တမ်းအတွင်း နိုင်ငံပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံသည် " ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၂)၊ အပိုဒ် ၂၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အပိုဒ်၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်- အခန်း (၁၃)၊ အပိုဒ် ၂၄၊

၂၆။ "ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား အမှန် လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့် ကာလကို စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း သို့မဟုတ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ် မူတည်၍ ကနဦး နှစ် ၅၀ အထိ ခွင့်ပြုနိုင်သည် " ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကိုသဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင်မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၃)၊ အပို ဒ် ၂၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၂၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၃)၊ အပိုဒ် ၂၅၊

၂၇။ "ကော်မရှင်သည် ပုဒ်မ ၂၆ အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုသောရင်းနှီးမြှုပ်နှံသူအား ရင်းနှီးမြှုပ်နှံမှုပမာဏနှင့် လုပ်ငန်းအမျိုးအစားပေါ် မူတည်၍ တစ်ဆက်တည်း သက်တမ်းတိုးခွင့်(၁၀)နှစ်နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံ၍ (၁၀)နှစ် သက်တမ်းတိုးမြှင့်ပေးနိုင်သည် " ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၃)၊ အပိုဒ် ၂၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၄)၊ အပိုဒ် ၃၁၊

၃၃။“ကော်မရှင်သည် နိုင်ငံခြားမတည်ငွေရင်းကို ဘဏ်ကလက်ခံခွင့်ပြု ဆောင်ရွက်ပေးသည့် နိုင်ငံခြားငွေကြေး အမျိုးအစားအတိုင်း ရင်းနှီးမြှုပ်နှံသူ၏ အမည်ဖြင့် မှတ်ပုံတင်ရမည် ” ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် ထူာယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၄)၊ အပိုဒ် ၃၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၃၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၅)၊ အပိုဒ် ၃၃၊

၃၅။ “ရင်းနှီးမြှုပ်နှံသူသည် အောက်ပါငွေများကို သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် သတ်မှတ်သည့်ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြား ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသောဘဏ်မှ တစ်ဆင့်နိုင်ငံခြားသို့ လွှဲပြောင်းနိုင်စေရမည်” ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၅)၊ အပိုဒ် ၃၃ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၃၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အခန်း(၁၆)၊ အပိုဒ် ၃၄၊

၃၆။ ရင်းနှီးမြှုပ်နှံသူသည် -

(က) သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့်သတ်မှတ်သည့် ငွေလဲလှယ်နှုန်းအတိုင်းနိုင်ငံတော်အတွင်းရှိ နိုင်ငံခြား ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်မှတစ်ဆင့် နိုင်ငံခြားသို့ လွှဲပြောင်းနိုင်စေရမည်၊

( ခ ) နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်တွင် ယင်းဘဏ်ကလက်ခံဆောင်ရွက်လျက်ရှိသောနိုင်ငံခြားငွေအမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ်၍လုပ်ငန်းနှင့်သက်ဆိုင်သော ငွေရေးကြေးရေး ကိစ္စများကို ဆောင်ရွက်ရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၆)၊ အပိုဒ် ၃၄ ဖြည့်စွက် ချက်အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၆)၊ အပိုဒ် ၃၆(က)၊(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၆)၊ အပိုဒ် ၃၅၊

၃၇။ "ခွင့်ပြုမိန့်ဖြင့် ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းတစ်ခုခုတွင် အမှုထမ်းသော နိုင်ငံခြားသားများသည် နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်တစ်ခုခုတွင် ယင်းဘဏ်က လက်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေ အမျိုးအစားဖြင့် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေစာရင်းကိုလည်းကောင်း ဖွင့်လှစ် ဆောင်ရွက်ရမည်"ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၆)၊ အပိုဒ် ၃၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၆)၊ အပိုဒ် ၃၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၇)၊ အပိုဒ် ၃၆(ခ)၊(ဂ)

၃၈။ ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့်လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုမိန့်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ရင်းနှီး မြှုပ်နှံသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည် -

(ခ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၇)၊ အပိုဒ် ၃၆ (ခ)၊ (ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၇)၊ အပိုဒ် ၃၈(ခ)၊ (ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အခန်း(၁၉)၊

၄၃။ "တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင်မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည် "ဟု ဖြည့်စွက်ထားပါတယ်။

ဒီဖြည့်စွက်ချက်ကို သဘောတူလျှင်တူတယ်လို့ပြောပါ။

သဘောမတူ လျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွ က် အခန်း (၁၉) ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၁၉)၊ အပိုဒ် ၄၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၉)၊ အပိုဒ် ၄၅၊

၄၈။ "ဤဥပဒေဖြင့် ရုပ်သိမ်းမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင် လျက်ရှိသော ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များ၊ သက်ဆိုင်ရာ သဘောတူစာချုပ်ပါစည်းကမ်းချက်များနှင့်အညီ သက်တမ်းကာလကုန်ဆုံးသည်အထိ ဆက်လက်လုပ်ကိုင်ခွင့်၊ အကျိုးခံစားခွင့် ရှိစေရမည် " ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကိုသဘောတူလျှင်တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၉)၊ အပိုဒ် ၄၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၉) အပိုဒ် ၄၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၉)၊ အပိုဒ် ၄၆(က)၊

၄၉။ "အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ကော်မရှင်နှင့်ညှိနှိုင်းပြီး လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်" ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၉)၊ အပိုဒ် ၄၆(က) ပြင်ဆင် ချက်အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁၉)၊ အပိုဒ် ၄၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၉)၊ အပိုဒ် ၄၇၊

၅၀။"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၀/၁၉၈၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် " ဟု ပြင်ဆင်ထားပါတယ်။

ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း (၁၉)၊ အပိုဒ် ၄၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁၉)၊ အပိုဒ် ၅၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၅၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၅၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကိုသဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။ အဆိုအတည် ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၄း၃၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က) အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး (ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး) သူရဦးသောင်းလွင် က အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၄။**

**သူရဦးသောင်းလွင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ့ အမျိုး သားလွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ယခုတင်ပြပါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတစ်ရပ်လုံးကို အတည်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်သို့ လေးစားစွာ အဆိုပြုတင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၅။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေး စားအပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရင်းနှီးမြှု ပ်နှံမှုကော်မရှင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို အမျိုးသားလွှတ် တော်မှ အတည်ပြုပေးပါရန် တင်သွင်းသောအဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင်မှ ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကိုအတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူမရှိတဲ့အတွက် အဆိုအတည်ဖြစ်သည်။ အဆိုအတည်ဖြစ်တဲ့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည် ။ (သြဘာသံများ)

## ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၆)၏ပညာရေးမြှင့်တင်ရေးဆိုင်ရာ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ တင်သွင်းထားသည့် ပညာရေးမြှင့်တင်ရေး

ဆိုင်ရာ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကိုဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၆)ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဉာဏ်လင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၃၅။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ ပညာရေးမြှင့်တင်ရေးဆိုင်ရာ ပြည်ထော င်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့ စပ်လျဥ်းပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဉာဏ်လင်းက ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က အခြေခံပညာကဏ္ဍတစ်ခုလုံး တိုးတက်ရေးအတွက် ပြည့်ပြည့်စုံစုံ အဆိုပြုတင်ပြသွားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို လေးစားငဲ့ညှာသောအားဖြင့် အချက် (၄)ချက်ကိုသာ လိုတိုရှင်း ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမအချက်ကတော့ မူလတန်းအဆင့်မှာ အခြေခံအရေးကြီးဆုံးဖြစ်တဲ့ သူငယ်တန်းသင် ဆရာ /ဆရာမများ ရွေးချယ်ရာမှာ စိတ်ရှည်သ ည်းခံတတ်တဲ့သူ၊ ကလေးကို ချစ်ခင်တဲ့သူ၊ ဂီတ ဝါသနာပါသူ၊ ကလေးရဲ့သဘောသဘာဝကိုသိသူ၊ သူငယ်တန်းကလေးတွေကို သင်ကြားရတာကို ဂုဏ်ယူတတ်တဲ့ ဆရာ /ဆရာမတို့ကို ရွေးချယ်တာဝန်ပေးအပ်သင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်ကို တင်ပြရခြင်းဟာ သူငယ်တန်းကလေးတွေဟာ မိဘရင်ခွင်မှ စာသင်ကျောင်း ဆရာ /ဆရာမတို့ထံ စတင်ရောက်ရှိလာကြတာဖြစ်လို့ ကျောင်းပျော်စိတ်ဖြစ်လာဖို့ပဲ ဖြစ်ပါတယ်။ တချို့ကျောင်းအတော်များများဟာ သူငယ်တန်းကို ကလေးထိန်းတဲ့သဘောလို့ ယူဆမှားယွင်းနေလို့ပဲဖြစ်ပါတယ်။ ဒီသူငယ်တန်းသင်တဲ့ ဆရာ /ဆရာမများကိုလည်း မိဘဆရာအသင်း၊ ကျော င်းအကျိုးတော်ဆောင် အဖွဲ့တို့ရဲ့ အစီအစဥ်နဲ့ သင့်လျော်တဲ့ ဂုဏ်ပြုချီးမြှင့်ခြင်းများလည်း ပြုလုပ်သင့်ပါကြောင်း ထပ်ဆင့်အကြံပြုလိုပါတယ်။

ဒုတိယအချက်ကတော့ ကလေးဗဟိုပြုသင်ကြားခြင်း (CCA)ကို ယခုထက်ပိုမို အလေးထား ကြိုးပမ်းရန် ဖြစ်ပါတယ်။ စိစစ်ရေးရဲ့သဘောကတော့ ကလေးတွေရဲ့ ထင်မြင်ယူဆချက်ကို လွတ်လပ်စွာ ဆွေးနွေးခွင့်ပေးခြင်း၊ ဆန္ဒကိုဖော်ထုတ်ခွင့်ပေးခြင်း၊ ရဲဝံ့စွာ ဆောင်ရွက်ခွင့် ပေးခြင်းတို့ကို အားပေးခြင်းပဲ ဖြစ်ပါတယ်။ ဆရာ /ဆရာမတို့က သင်ကြားမယ်။ ကလေးတွေကိုကြပ်မတ်မယ့် သဘောမျိုးမဟုတ်တော့ဘဲ ကလေးတွေကိုယ်တိုင်ပါဝင် ဆောင်ရွက်ခွင့်ဖြစ်လို့ သဘောထားအမြင်ကို တင်ပြရဲတဲ့ကလေးတွေ၊ ဆောင်ရွက်ခွင့်ရတဲ့ ကလေးတွေ၊ သွက်လက်ထက်မြက်တဲ့ ကလေးတွေဖြစ်လာမှာဖြစ်တဲ့အတွက် ဒီအကြံပြုတာကို တင်ပြဆွေးနွေးခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအချက်ကတော့ ပညာရည်မြင့်မားရေးအတွက် စာမေးပွဲစနစ်ကို ပြန်လည်သုံးသပ်ပြုပြင်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ ဘက်လိုက်မှုကင်းတဲ့ သတ်မှတ် စည်းကမ်းများနဲ့အညီ အဆင့်မီစာမေးပွဲစနစ် ကျောင်းသူကျောင်းသားများ အပါအဝင် ဆရာ/ ဆရာမများ၊ မိဘများကိုပါ အောင်မြင်ရေးအတွက်ကြိုးစားမှု၊ ကြိုးပမ်းမှုများရှိလာမှာ ဖြစ်ပါတယ်။ အရည်အသွေးရှိတဲ့ ကလေးများပေါ် ထွန်းလာမှာ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းနှစ်ပေါင်း တော်တော်ကြာကြာ အဆင့်မြင့်ပညာစာမေးပွဲများမှာ ကျောင်းသားရဲ့အလိုကို လိုက်ခဲ့ရလို့၊ ပြဿနာမဖြစ်အောင်လို့၊ မသမာနည်းမျိုးစုံကို အသုံးပြုပြီး စာမေးပွဲဖြေဆိုခဲ့ကြလို့ အရည်အသွေး များနိမ့်ပါးခဲ့ကြရတာ အထင်အရှား ဖြစ်ပါတယ်။ အဆင့်မြင့်ပညာမှသာမကဘဲနဲ့ အခြေခံပညာမှာပါ မသမာနည်းဖြင့် စာမေးပွဲဖြေဆိုခဲ့ကြတာ နှစ်စဥ် ပျံ့နှံ့လာခဲ့ဖူးပါတယ်။ ယခုကာလမှာတော့ ကြိုတင်ကာကွယ်ခြင်း အရေးယူခြင်းတို့ကြောင့် မသမာနည်း စာမေးပွဲဖြေဆိုမှု ပပျောက်သွားတာကို ဝမ်းမြောက်ဖွယ် တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် လက်ရှိကျင့်သုံးနေတဲ့ စတုတ္ထတန်း ကျောင်းအုပ်စုကို အခြေခံတဲ့မြို့နယ်စစ်၊ တက္ကသိုလ်ဝင်တန်း၊ အစိုးရစစ်တို့ကို ကြိုဆိုထောက်ခံပါတယ်။ အခြေခံပညာအထက်တန်းအဆင့်ကို ကူးပြောင်းမယ့် အဋ္ဌမတန်းကိုလည်းပဲ တိုင်းဒေသကြီးပြည်နယ်စစ်အဖြစ် ပြန်လည်ထားသင့်ပါကြောင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထအချက် နောက်ဆုံးအချက်ကတော့ အင်္ဂလိပ်စာ အရည်အသွေး မြင့်မားရေးဖြစ်ပါတယ်။ အင်္ဂလိပ်စာဟာ နိုင်ငံတကာနှင့်ဆက်ဆံတဲ့ ဘာသာစကား Working Language ဖြစ်ပါတယ်။ ယခုကာလမှာ သူငယ်တန်းက စတင် သင်ကြားခဲ့

ကြလို့ မူလတန်း အဆင့်မှာ အ ခြေခံကောင်းရတယ်လို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ အလယ်တန်း အဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်များမှာ အင်္ဂလိပ်စာ အားနည်းကြတယ်လို့ထင် ပါတယ်။ ယခင်ကာလတုန်းက အလယ်တန်းအဆင့်မှာ အင်္ဂလိပ်စာ နှစ်မျိုးခွဲ သင်ရပါ တယ်။ English-1, English-2 ဖြစ်ပါတယ်။ English-1ကတော့ Text ဖြစ်ပြီးတော့မှ English-2 ကတော့ Grammar ဖြစ်ပါတယ်။ Grammar မှာ The Eight Parts of Speech ကိုသင်ရလို့ အင်္ဂလိပ်စာ ပိုရှင်းပိုမှတ်မိတယ်လို့ ထင်မြင်ပါတယ်။ သို့ဖြစ်တဲ့အတွက် ပဥ္စမတန်းကနေ စတင်ပြီး တော့မှ The Eight Parts of Speech အခြေပြုပါဝင်တဲ့ Grammarကို သင်ကြား ပေးနိုင်ပါက သင်ကြားပေးပါရန် အကြံပြုရင်း ဦးခင်မောင်ရီ ရဲ့ အဆိုကို ထောက်ခံပါကြောင်း တင်ပြ နိဂုံးချုပ်အပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၂။**

**ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန့်ဇင်ဖြစ်ပါတယ်။ ကျွန်တော် ယခုထောက်ခံ ဆွေးနွေးမယ့်အဆိုကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)က ဆရာဦးခင်မောင်ရီ ရဲ့ အဆိုပဲ ဖြစ်ပါတယ်။ သူ့ ရဲ့ အဆိုကတော့ ဒီပညာရေးမြှင့် တင်ရေးဆိုင်ရာ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို ကြည့်ရှု ဆွေးနွေးခွင့်ပေးပါရန် ခွင့်တောင်းခံအပ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကဖြစ်တဲ့ လူသားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုး ထောင်တဲ့နေရာမှာ ပြုပြင်ဖို့ များစွာ လို နေသေးတဲ့အကြောင်း၊ ပြုပြင်တဲ့ နေရာမှာလည်း အခြေခံပညာကဏ္ဍကစပြီး ပြုပြင်ဖို့အဆိုရှင်ရဲ့ ပညာရေးဝန်ထမ်းဘဝ အတွေ့အကြုံတွေနဲ့ယှဉ်ပြီး မီးမောင်းထိုးပြသွားပါတယ်။ ပညာရေးပြုပြင် ပြောင်းလဲမှု သမိုင်းကြောင်နဲ့အတူစနစ်တွေ သင်ပြတဲ့နေရာမှာ ဆရာ/ဆရာမ မလုံလောက်တဲ့ အတွက်ကြောင့်မို့လို့ သုံးခဲ့ရတဲ့ အတန်းခွဲနည်း သင်တန်းတွေ သင်နည်းတွေချည်းပဲ မသုံးပဲနဲ့ ဆရာနဲ့ကျောင်းသား အချိုးမျှတဖို့အတွက်ကို တတ်နိုင်သလောက် ဖြည့်ဆည်းခန့်ထားနိုင်ဖို့နဲ့

ဆရာတွေရဲ့ သင်ပြနိုင်မှုစွမ်း ရည်ကို သေသေ ချာချာ ကြီးကြပ်နိုင်ဖို့ ၊ ဆုပေးဒဏ်ပေးစနစ်ကို ကျင့်သုံးဖို့ ရာထူး ပြောင်းရွှေ့မှုကိုလည်း လုပ်သက်နဲ့ ချဉ်းကပ်မှုထက် လုပ်ဆောင်နိုင်မှု စွမ်းရည် အပေါ်မှာကြည့်ပြီး ဆောင်ရွက်ပေးသွားဖို ့၊ မူလတန်းပြီးဆုံးမှုအဆင့်ကို နယ်မြေအဆင့်က စစ်ဆေးသွားဖို့ဆိုတဲ့အချက်တွေကို ဆွေးနွေးသွား ခဲ့ပါတယ်။ ပညာရေးမြှင့်တင်မှုလုပ်ငန်းတွေမှာ အခုလက်ရှိအစိုးရသစ်ကလည်း အလေးထား အား ပေးဆောင်ရွက်နေတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ အဲဒီနေရာမှာ ဆရာတွေရဲ့ အခန်းကဏ္ဍဟာ အတော် ့ကို အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင် နေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီကဏ္ဍကို ကျွန်တော်အဓိကထား ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲ ဒီတော့ ကျွန်တော် အဓိကထား ဆွေးနွေးချင်တဲ့အချက်တွေ ကဏ္ဍထဲက စာမေးပွဲဦးတည်လေ့ကျင့်မှုကနေ အရည်အသွေးရှိတဲ့ နိုင်ငံသားတွေဖြစ်လာဖို့ အတွက် လေ့ကျင့်ပြီး လက်ရှိခေတ်စနစ်နဲ့ကိုက်ညီပြီး လက်တွေ့ကျတဲ့သင်ကြားမှုစနစ်ပါဝင်ရေး၊ ကလေးဗဟိုပြုသင်ကြားရေးစနစ်ကို အမှန်တကယ် သင်ကြားနိုင်မယ့် ဆရာများ လေ့ကျင့် မွေးထုတ်ပေးရေးတို့ပဲဖြစ်ပါတယ်။ အဓိကကတော့ နိုင်ငံတည်ဆောက်ရေးကို စေတနာပါပါနဲ့ အနစ်နာခံလမ်းပြပေးနိုင်မယ့် ဆရာအလုပ်ကို ဝါသနာရှိတဲ့ လူငယ်တွေကို များများ မွေးထုတ် လေ့ကျင့်ပေးရေးတို့ပဲဖြစ်ပါတယ်။ ပညာရှိတွေ ကပြောကြပါတယ်။ ခေတ်သစ်ပညာရေးစနစ် ဆိုတာ Multi Media Room တွေရှိရုံမဟုတ် Language Lab ရှိရုံမဟုတ် E – Learning Centre တွေရှိရုံမဟုတ်ဘဲနဲ့ ကလေးငယ်ငယ် ဘဝကနေ စပြီးတော့ အတွေးအခေါ်ယူဆပုံ တွေက အနာဂတ်အတွက် ကြိုတင်တွေးဆပုံတွေကို ပုံစံပြု ယူခြင်းပဲဖြစ်ပါတယ်။ အဲဒီစနစ် မရောက်မချင်း တိုင်းပြည်ခေါင်းဆော င်တွေ စေတနာကောင်း နဲ့ဖြစ်စေချင်လွန်းလို့ ငွေသန်း ပေါင်းများစွာ အကုန် အကျခံပြီး ပံ့ပိုးပေးထားတဲ့ သင်ကြားထောက်ကူ ပစ္စည်းတွေ အားလုံးဟာ အသုံးမဝင်ဘဲ အသုံးမဲ့တဲ့ပစ္စည်းတွေဖြစ်သွားပါတယ်။ ပညာရေးစနစ်တစ်ခုလုံးရဲ့ ရည်ရွယ်ချက် တွေမှာလည်း ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်ပြည့်ဝတဲ့ နိုင်ငံသား ကောင်းများ မွေးထုတ်ပေးရေး နှင့်တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်မှုတွေကို မြင့်မားရေးတို့ကို တိုးတက်လာစေရန် ရည်ရွယ်ထားခြင်း ဖြစ်တဲ့အတွက် ဆရာတွေအနေနဲ့ မိမိတို့ရဲ့ ပခုံးပေါ်မှာ ရှိတဲ့ သင်ကြား လေ့ကျင့်ရေးတာဝန်ကို အဓိကရည်မှန်းချက်ကို အ ပျက်မခံပဲ စိတ်လို လက်ရ ကြိုးပမ်း ဆောင်ရွက်နိုင်မယ်ဆိုရင် အချိန်တိုကာလအတွင်းမှာ ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို မုချမလွဲ ရောက်မယ်လို့ ကျွန်တော်ယူ ဆပါတယ်။ ကျောင်းသားတွေ အရည်အသွေး ဖြစ်တဲ့ စည်းကမ်း၊

စိတ်ခာတ်၊ ပညာသုံးပါးစလုံးကို မိမိတို့လူ့ဘောင် အသိုင်းအဝန်းထဲမှာ လိုအပ်တဲ့ စံနှုန်းတွေနဲ့ အခြေခံအားဖြင့် ဖြစ်တည်နိုင်မှု ရှိ/မရှိ စစ်ဆေးတိုင်းတာတဲ့နေရာမှာ ရေးဖြေစာမေးပွဲ တစ်ခုတည်းနဲ့ ဦးတည်စစ်ဆေးပြီး ကျောင်းသားတွေရဲ့ စိတ်ခာတ်၊ စည်းကမ်း၊ ပညာနဲ့ ပြည့်စုံမှု ရှိ/မရှိအဆုံးအဖြတ်ပြုရွေးချယ်မယ်ဆိုရင်ရနိုင်မယ် မဟုတ်ပါဘူး။ ဒီကနေ့ကျောင်းသားတွ ဖြေဆိုကြရတဲ့ အတန်းတင်စာမေးပွဲတွေမှာ စည်းကမ်း ရှိ/မရှိကို စစ်ဆေးလို့မ ရပါဘူး။ အဲဒီ ကျောင်းသားတွေရဲ့ စိတ်ခာတ်နဲ့ စည်းကမ်း ကောင်းမွန်ခြင်းလို့ ရှိ/မရှိကိုလည်း စစ်ဆေးနိုင် ခြင်း လည်းမရှိပါဘူး။ စဥ်းစားနိုင်တဲ့စွမ်းရည် (၂၀)ရာခိုင်နှုန်းခန့်နှင့် ကျန် (၈၀) ရာခိုင်နှုန်းလောက်မှာ အလွတ်ကျက်ထားတဲ့စာတွေ ပြန်လည်မှတ်မိခြင်း၊ မမှတ်မိခြင်းကိုပဲ စစ်ဆေးနိုင်ပါတယ်။ ခေတ်သစ်ပညာရေးစနစ်မှာ ရေးဖြေစာမေးပွဲကိုလည်း မပ စ်ပယ်။ အခြားသောနည်းလမ်းတွေနဲ့ လည်းကလေးတွေရဲ့ အရည်အသွေးတွေကို နေ့စဥ် စစ်ဆေးရမှာ၊ လေ့လာရမှာဖြစ်ပါတယ်။ အဲဒီ အရည်အသွေးတွေကတော့ ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေ၊ ခံယူတွေးခေါ်မှု ဆိုင်ရာတိုးတက်မှုတွေ ကာယဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုတွေ အသိဉာဏ်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုတွေ ရသခံစားခြင်း ဖွံ့ဖြိုးမှုတို့ ဖြစ်ပါတယ်။ အဲဒီ အရည်အသွေးတွေကို အပိုင်း ကဏ္ဍအလိုက် ခွဲခြားစစ်ဆေးကြဖို့လိုပါတယ်။ ခဲတံ၊ စာရွက်နဲ့ ဖြေရတဲ့ စာမေးပွဲတွေဟာ အဲဒီဖော်ပြပါ အရည်အချင်းတွေအားလုံးကို စိစစ်ဖော်ထုတ်နိုင်စွမ်း မရှိကြပါဘူး။ အခြေခံ ဥပဒေ အခန်း (၁) နိုင်ငံတော်အခြေခံမူများမှာလည်း ပုဒ်မ ၂၈။ နိုင်ငံတော်သည် -

(က) ပြည်သူများ၏ ပညာရေးနှင့်ကျန်း မာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်။

(ခ) ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသား ပြည်သူများ က ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရမည်။

(ဂ) အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ရမည်။

(ဃ) ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည် ဟု ဖော်ပြထားပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအခြေခံမူလတန်းပညာတွေကနေစပြီးတော့ ကျောင်းသားတွေရဲ့ ပညာရေးနဲ့ကျန်းမာရေး နှစ်ခုစလုံးဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ဒါ ဆရာတွေရဲ့ သွန်သင်လေ့ကျင့်ပေးမှုအပေါ် အများကြီးမူတည်နေပါတယ်။ ပုဒ် မ ၃၃မှာလည်း နို င်ငံတော် သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြ က်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည် ဟု ဖော်ပြထားပါတယ်။ ဒီအခြေခံမူမှာပါတဲ့ အချက်တွေကို အကောင်အထည်ဖော်ပေးဖို့ အဓိကတာ ဝန်ရှိတာကတော့ နိုင်ငံတော် အစိုးရပဲဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်အစိုး ရက နိုင်ငံတည်ဆောက်သူများလို့ ခေါ်တဲ့ ဆရာတွေကိုပဲ အဓိကထားပြီး လုပ်ဆောင် သွားရမှာဖြစ်ပါတယ်။ တကယ်တော့လည်း ဆရာတွေဟာ နိုင်ငံတည်ဆောက်သူတွေဖြစ်ကြပါတယ်။ ဆရာတွေရဲ့ သင်ကြားနိုင်မှုစွမ်းရည်ကို မြှင့်တင်တာဟာ နိုင်ငံတည်ဆောက်မှုအားကို မြှင့်တင်ပေးလိုက်တာပဲ ဖြစ်ပါတယ်။ ဆရာဆိုတာ နာသုံးနာရင်မှာထားပြီး ကျန်းမာကြံ့ခိုင်တဲ့ နိုင်ငံရဲ့သားကောင်း သမီးမွန်တွေကို လေ့ကျင့်မွေးထုတ်ပေးသူတွေပါ။ အခုလည်း နိုင်ငံတော်က ပညာရေးပြုပြင်ပြောင်းလဲမှုတွေ၊ ပညာရေးမြှင့်တင်ရေးလုပ်ငန်းတွေကို မလုပ်တာ မဟုတ်ပါဘူး။ လုပ်နေကြပါတယ်။ ဒါတွေလုပ်နေတာဟာ ပညာရေးကောင်း မှ နိုင်ငံကောင်းမှာဖြစ်တဲ့အတွက် ကြောင့်ပဲ ဖြစ်ပါတယ်။ ပညာရေးကို ကောင်းအောင်လုပ်ပါဆိုတဲ့နေရာမှာ အခြေခံပညာရေး ကဏ္ဍက ဆရာတွေရဲ့ သင်ကြားပေးနိုင်မှုနယ်ပယ်ဘဝဖွံ့ဖြိုးတိုးတက်ဖို့လိုပါတယ်။ ဒီဆရာတွေရဲ့လုပ်ရည်တွေ မြင့်မားမှုနဲ့အတူ သူတို့ကနေမွေးထုတ်ပေးလိုက်တဲ့ အနာဂတ်လူငယ်တွေဟာ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြ က်တဲ့လူသားအရင်းအမြစ်ကောင်းလေးတွေ များစွာပေါ်လာမှာ ဖြစ်ပြီး တို င်းပြည်ကိုလည်း မြန်မြန်ဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။ အဲဒါကြောင့်မို့ လို့ နိုင်ငံတော်အစိုးရသည် ပညာရေးမြှင့်တင်ရေးလုပ်ငန်းတွေ လုပ်ဆောင် နေသလို အခြေခံ ပညာရေးကဏ္ဍက ဆရာတွေရဲ့သင်ကြားနိုင်မှုစွမ်းရည်ကို မြှင့်တင်ပေးရန်လိုပါတယ်။

ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူ နိုင်ခွင့်ရရှိစေဖို့၊ နိုင်ငံတော်ရဲ့ ပညာရေးအဆင့်အတန်း မြင့်မားလာစေဖို့၊ နိုင်ငံတော်မှာ ကျင့်သုံးလျက်ရှိတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများနဲ့ လိုက်လျောညီထွေမှုရှိပြီး နိုင်ငံတကာပညာရေးအဆင့်နဲ့ ရင်ဘောင်တန်းနိုင်မယ့် အခြေခံ ပညာရေးစနစ် အဆက်မပြတ်စေဖို့၊ ကျန်းမာကြံ့ခိုင်ပြီး စာရိ တ္တ ကောင်းမွန်တဲ့ ဘက်စုံပညာပြည့် ဝသူတွေ ပေါ်ထွန်းလာစေဖို့၊ အခြေခံပညာကျောင်း တွေဟာ

ဒေသတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမယ့် ပင်မဌာနများ အဖြစ် ပေါ်ထွန်းလာစေဖို့ အတွက် ဆရာများရဲ့ စွမ်းဆောင်နိုင် မှုအပေါ်မှာ လုံးလုံးတည်မှီနေပါပြီ။ ဒီနေရာမှာ ကျွန်တော်ထပ်ဖြည့်ပြီးပြောချင်တာက ကျွန်တော်တို့ ပြည်နယ်တွေမှာ ကျေးရွာတွေမှာ ကိုယ်ထူကိုယ်ထဆောက်ထားကြတဲ့ မူလတန်းကျောင်း တွေ တော်တော်များများရှိနေပါတယ်။ အဲဒီအခြေအနေကိုလည်း ပြန်လည်စိစစ်ပေးဖို့လည်းလိုပါတယ်။ ပညာရှင်ကြီး ရူးဆိုးက ပြောပါတယ်။ ပညာရေးဆိုတာ ဧကရာဇ်ကြီးဖြစ်ဖို့၊ တရားသူကြီးဖြစ်ဖို့က အဓိက မဟုတ်ပါ ဘူး။ နိုင်ငံသားကောင်းတစ်ယောက် ဖြစ်လာဖို့ လေ့ကျင့်ပေးခြင်းကသာ အဓိကပါ လို့ဆိုထားပါတယ်။ ပညာသင်ကြားရခြင်းအကြောင်း(၃)ခုဖြစ်တဲ့ (၁)ဗဟုသုတအသိပညာရရှိစေဖို့၊ (၂)ဆင်ခြင်ဉာဏ်နဲ့ အမှားအမှန် ခွဲခြားတ တ်မှုရှိစေဖို့၊ (၃) လက်တွေ့ဘဝမှာ အသုံး ကျမယ့် ကျွမ်းကျင်မှုတွေကို လက်တွေ့လေ့ကျင့်စေဖို့အတွက်ပဲ ဖြစ်ပါတယ်။ ဆရာများရဲ့သင်ကြားပို့ချနိုင်မှု စွမ်းရည်နဲ့ မူလတန်းကျောင်းများရဲ့ ပကတိအခြေအနေကို အောက်ခြေအထိ စိစစ်သုံးသပ် ပေးဖို့ တောင်းဆိုလိုပါတယ်။ ဒါကြောင့်မို့လို့ ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဆရာဦးခင်မောင်ရီ တင်သွင်းသွားတဲ့ ပညာရေးမြှင့်တင်ရေးဆိုင်ရာ ပြည်ထောင်စုအစိုးရအား တိုက်တွန်း ပါကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံရင်း ကျွန်တော့် ဆွေးနွေးချက်ကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆ န္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၀။**

**ဒေါက်တာမြင့်ကြည်၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)** ။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့် ရှေ့ကပုဂ္ဂိုလ်(၂)ဦးဖြစ်တဲ့ ဦးဉာဏ်လင်းနဲ့ ဦးစိုင်းသန့်ဇင်တို့ ကလည်း ထောက်ခံဆွေးနွေးသွားပါတယ်။ အဲဒီအချက်တွေပေါ်မှာ ကျွန်တော်ထပ်လော င်းပြီးတော့ ထောက်ခံပါတယ်။ အဲဒါနဲ့အတူ ကျွန်တော်တင်ပြပြီးတော့ ဆွေးနွေး ချင်တာကတော့ သင်ကြားရေးအပိုင်းနဲ့ ဆရာများ ဒီ (၂)ပိုင်းကိုပဲ ကျွန်တော်ဆွေးနွေးလိုပါတယ်။ အဲဒီတော့ သင်ကြားရေး အပိုင်းမှာ

ခုနက ဆရာဦးဉာဏ်လင်းပြောသွားတဲ့ ကလေးဗဟိုပြုChild CCA ပေါ့။ ဒီနည်းကို ကျွန်တော်တို့ သင်ဖို့၊ သင်တဲ့အခါမှာ ပညာရေးဝန်ကြီးဌာနကလည်းပဲ သင်ပါတယ်လို့ ကျွန်တော့်ကို ပြောမှာပဲ။ သို့သော် ကျွန်တော်ဟာ ပွင့်ပွင့်လင်းလင်း ခုန ဦးဉာဏ်လင်းကလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားပါတယ်။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရင် ကျွန်တော်တို့ ငယ်ငယ်တုန်းက ဆရာက ကျွန်တော့်ကို စာမေးရင်ကျွန်တော်ကလည်း သူ့ ကိုပြန်မေးရပါတယ်။ မမေးဘဲ ကျွန်တော် ငြိမ်နေလို့မရပါဘူး။ သို့သော် ဒီနေ့အချိန်အခါတစ်ခုမှာ ကျွန်တော်တို့ ကျောင်းသားတွေဟာ ပြန်မမေးရဲပါဘူး။ ယခုပညာရေး ဝန်ကြီးဌာနမှာရှိတဲ့ ပြည်ထောင်စု ဝန်ကြီးရှိပါတယ်။ ညွှန်ကြားရေးမှူးချုပ် တွေရှိပါတယ် ။ တိုင်းပညာရေးမှူး ဦးခင်မောင်ရီ တို့လည်းရှိပါတယ်။ ဆရာ/ဆရာမတွေ၊ တိုင်းပညာရေးမှူးတွေကို၊ မြို့နယ်ပညာရေးမှူးတွေကို ပြန်ပြီးသေသေချာချာ ဆွေးနွေးရဲသလားလို့ မေးကြည့်ပါတယ်။ သေသေချာချာ ကျွန်တော် (Reality) ပါ။ အဲ ဒီတော့ ကလေးတွေကို ကျွန်တော်တို့ Innovation, Creation, Invention စသည်အားဖြင့် ဒါတွေကို ကျွန်တော်တို့က တ တ်အောင်ဒါနိုင်ငံတော်အတွက်လည်း လိုပါတယ်။ တစ်ကမ္ဘာလုံးကလည်း ဒီကနေ့ ဒီပညာရေးကို ကြွေးကြော်အော်ပြီး ၂၀၃၀ မှာ အကြီးအကျယ် ဒီပညာရေးဖွံ့ဖြိုးမှု ဆိုပြီးတော့ UNESCO ကလည်းပဲ Strategy တွေချထားပါတယ်။ ဒီလိုသွားနေတဲ့ အချိန်တွေမှာ ကျွန်တော်တို့ ကလေးတွေ ဒါတော်တော်များများ ဒီကနေပြီးတော့ တက်လာတဲ့ကလေးတွေဟာ နိုင်ငံခြားမှာသွားတဲ့အခါမှာလည်း မပြောရဲမဆိုရဲပါ။ ဒါ ကျွန်တော်တို့ လက်တွေ့ပါ။ အဲ ဒီတော့ ဒီကနေ့ အနေအထားတွေကလည်း ပြောင်းလာပြီ။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီး ကလည်း ပြောပါတယ်။ ပွင့်ပွင့်လင်းလင်း ဒါတင်ပြဆွေးနွေးကြဖို့ မပြောရဲ မဆိုရဲပါ။ ဒါ ကျွန်တော်တို့က ပြောရဲပါတယ်။ ဆိုရဲပါတယ်ဆိုရင် (One percent of may be ten percent) အဲဒီအနေအထားမှာဘဲ ရှိပါတယ်။ ကလေးတွေကို ကျွန်တော်တို့ Training ပေးပါတယ်။ ခုနတုန်းက မူလတန်း Primary အခြေကနေစပြီးတော့ Training ပေးရမယ်။ ဒီလို ဖြစ်အောင်ဆိုတော့ ကျွန်တော့် အနေနဲ့ ရခိုင်နှုန်းပြည့်ထောက်ခံပါတယ်။ ပေးတဲ့အခါမှာလည်း ပေးပါတယ်ဆိုယုံနဲ့ မ ပြီးပဲနဲ့ သေသေချာချာ ကျွန်တော်တို့က လေ့ကျင့်ပေးဖို့ လိုပါတယ်။ နို့မို့မဖြစ်ရင်တော့ ကျွန်တော်တို့ နိုင်ငံ ကျွန်တော်နောင်လာမယ့် Generation ကလေးတွေဟာ ဒါထက်နောက်ကျသွားနိုင်ပါတယ်။ ယခု ကျွန်တော်တို့က Primary ကိုစပြီး အခုလုပ်မှ After 8 Years 10 Years အဲလောက်ကျမှ ကျွန်တော်တို့က အဆင့်တစ်ခုကိုရောက်မှာပါ။ (၁၀)နှစ်တိုင်

ရင် ကျွန်တော်တို့က (၁၀)တန်းရောက်မယ်။ အဲဒီလို အနေအထား မှာရှိပါတယ်။ နောက်တစ်ချက်ကတော့ ဒီကလေးတွေကို Training ပေးတဲ့အခါမှာ ယခု ဆရာ /ဆရာမတွေ ကျွန်တော်တို့ Teacher Training Colleges တွေရှိတယ်။ အဲဒီကနေ ဆရာ /ဆရာမတွေကို နိုင်ငံခြားကို ပို့ပြီးတော့ ကလေးတွေကို ဘယ်လိုသင်ကြားလဲ ဘယ်လိုနိုင်ငံတွေမှာ ဘယ်လိုသင်လဲ မလွှတ်ဘူးလားဆိုရင် လွှ တ်ခဲ့ပါတယ်။ ဒီစာရင်းဇယားတွေ ကျွန်တော် အခုနေ တိတိကျကျ မေးကြည့် လို့ရှိရင် တိတိကျကျ ကျွန်တော်တို့ က သိရှိချင်မှတောင်သိရှိမှာပါ။ သို့သော်လည်းပဲ ပြန်လာပြီးတဲ့အခါကျတော့ ပြန်လာပြီးရင်ပြီးသွားတာပါပဲ ။ သူတို့ရဲ့ Chance က၊ ဒါ ဦးခင်မောင်ရီလည်း ပြောသွားတဲ့အပိုင်းမှာ လည်းရှိပါတယ်။ ဒါတွေဟာ အင်မတန်မှ လိုအပ်ချက်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြန်ပြီးတော့ ပညာရေးမြှင့်တင် မယ်၊ ဆောင်ရွက်မယ်ဆိုရင် ဒီကိစ္စတွေကို အလေးအနက် ကျွန်တော်တို့ စဉ်းစားရမှာပါ။ ပစ္စည်း ၊ ပစ္စယ အနေအထားအနေနဲ့ ပြောမယ်ဆိုရင် မရှိလည်း ဘဲ ဒီကလေးတွေကို Training ပေးလို့ရပါတယ်။ကျွန်တော်တို့ ပတ် ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီးတော့ ကလေးတွေရဲ့ အသိစိတ်ဓာတ်ကို နှိုးဆွတဲ့အနေနဲ့ ဒါနို င်ငံတကာမှာလည်းပဲ ဒီကလေးတွေကို အပြင်ထွက်၊ ထွက်ပြီး အပင်လေးကိုကြည့်၊ ဒါလေးကိုလေ့လာခိုင်း၊ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် သာမိုမီတာလေး တစ်ခုရှိရင်တောင်မှ နေ့စဉ် Temperature တိုင်းပြီးတော့ တစ်နေ့တစ်နေ့ ဘယ်လိုရှိတယ် ၊ တစ်လတစ်လ ဘယ်လိုရှိတယ်၊ Research Minded ဖြစ်အောင်၊ သုတေသနမှာ ကျွန်တော်တို့ စိတ်ဝင်စားလာအောင် စသည်အားဖြင့် ဒါဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။ မိုး ရေလေးခံမယ် စသည်အားဖြင့် ဒီဟာတွေ ကျွန်တော်တို့က ပြန်ပြီးတော့ဆောင်ရွက်ဖို့လိုပါတယ်။ ခုနတုန်းက ကျွန်တော်တို့ ရှေ့မှာ ကျွန် တော့်ရှေ့က ကိုယ်စားလှယ်တော်ကြီး တစ်ဦး ဆွေးနွေးသွားသလိုပါပဲ၊ E- Learning, Multi Media, Computer တွေရှိပြီး ဒါနဲ့ ကျွန်တော်တို့ မလုံလောက်ပ ါဘူး။ ကျွန်တော်တို့က Human Being ဆိုတာလူသားတွေပါ။ ကျွန်တော်တို့ရဲ့ စိတ်ပိုင်းဆိုင်ရာ ရှိပါတယ်။ ဒါကြောင့်မို့ လို့ ဒီကိစ္စတွေ အပေါ်ယံကြောအနေနဲ့ မဆောင်ရွက် ဘဲနဲ့ ကျွန်တော်တို့ ဒီကနေ့ကစပြီး ဆောင်ရွက်ရင် နောင်(၁၀)နှစ်ကြာမှ အကောင်အထည်က ကျွန်တော်တို့ရလာမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဥပမာ တိုးတက်နေတဲ့ဂျပန်လိုနိုင်ငံ မှာတောင်မှ အောက်က ပေသီးတွေ ကလေးတွေ ပြန်ပြီးကိုင်ရပါတယ်။ ပေသီးမကိုင်လို့ မရပါဘူး။ သူတို့ဘာပြော သလဲ၊ အဲဒီ Computer တွေက မတော်လို့ ကမ္ဘာစစ်ကြီး ဖြစ်လာလို့ Computer တွေပျက်သွားမယ်၊ ဒါတွေပျက်သွားမယ်။ မင်းတို့ Computer မရှိဘဲနဲ့ အလုပ်မလုပ်တော့ဘူးလား ။ ကျွန်တော်တို့

ဒူးထောက်ပြီးတော့ လက်မြှောက်ပြီးတော့ပဲ အညံ့ခံမလား ။ ရှိတဲ့ဟာနဲ့ ကျွန်တော်တို့က ဆောင်ရွက်လို့ရအောင်၊ တတ်အောင်၊ ဒီကလေးတွေကို Training ပေးပါတယ်။ ကျွန်တော်တို့ လေ့လာတဲ့အပိုင်းမှာလည်း ဒီတ စ်ပိုင်းပါပါတယ်။ နောက်စာမေးပွဲကိစ္စလည်းပဲ ဒီအတိုင်းပါပဲ ၊ ခုနပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒီကိစ္စတွေနဲ့ အကုန်လုံး အရင်တုန်းက ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်းပဲ ရှိပါတယ်။ ကျွန်တော်တို့ ဒီမှာလည်းပဲ Report Card ကလေးတွေရှိပါတယ်။ အဲဒီအထဲမှာဆိုလို့ရှိရင် ဒီကလေးတစ်ယောက်က ဦးဆောင်နိုင်မှု၊ အများနဲ့ပေါင်းသင်းဆက်ဆံရေး သူ့ရဲ့ကျွန်တော်တို့ တစ်ကိုယ်ရေသန့်ရှင်းရေး စသည်အားဖြင့် ဒီဟာတွေကိုလည်းပဲ အမှတ်ပေးပါတယ်။ ကျွန်တော်တို့က ဒီအမှတ်နဲ့အတူ စာမေးပွဲရမှတ်၊ စာမေးပွဲမှာလည်း သူကြိုးစားရမှာပါ။ (၂)ခုစလုံးက ဒီ ဟိုဘက်ဒီဘက်က Balance ဖြစ်နေမှ၊ Scrutinize ဖြစ်မှ၊ ဒါအောင်မြင်တယ်လို့ ကျွန်တော်တို့ ခေါ်ပါတယ်။ ဒီလိုတွေ ကျွန်တော်တို့က ကလေးတွေမှာ ဆောင်ရွက်ဖို့ လိုပါတယ်။ ဆောင်ရွက်တယ်လို့ဆိုရုံနဲ့ ကျွန်တော်တို့မပြီးပါဘူး။ နောက်တစ်ချက်ကတော့ ဒီကလေးတွေမှာကျွန်တော် တစ်ချက် ဒါအခုလည်းပဲသွားနေကြတာဖဲ နိုင်ငံတကာမှာ ကျွန်တော်တို့ အနီးအနား အိမ်နီးနားချင်းနိုင်ငံတွေပဲဖြစ်ဖြစ် ၊ ဒိပြင်နိုင်ငံတွေပဲဖြစ်ဖြစ် ကျွ န်တော်တို့ လေ့လာကြည့်ပါ။ ကလေးဘဝ ကတည်းက Distination ကလေးတွေကို ကျွန်တော်တို့က ခွဲခြားပြီးတော့ ဒီကလေးကတော့ (A) တန်းပါ၊ ဒီကလေးကတော့(B)တန်းပါ။ ဟိုမှာဆိုရင်တော့ ကျွန်တော်တို့ အကုန်လုံး ကျွန်တော်တို့ရောထားတဲ့ သဘောမျိုးဖြစ်ရပါတယ်။ အဲဒီတော့ ဒီအထဲမှာ ခုနတုန်းက ပြောသလို ထူးချွ န်တဲ့ကလေးတွေပါမယ်။ ဟိုဘက်မှာလည်း ထူးချွ န်တဲ့ ကလေးတွေပါမယ်။ ဒီကလေးတွေကို နမူနာယူပြီး နောင်ကလေးတွေကလည်း လိုက်ပြီး ဆောင်ရွက်သွားမယ့်သဘောမျိုး၊ ဒီလိုကျွန်တော်တို့က Training လုပ်တာရှိပါတယ်။ ကျွန်တော်တို့ ဆီမှာတော့ (A) တန်းရအောင်ကလေးဘဝကတည်းက တစ်မျိုးပေ့ါ လေ၊ သူ့ရဲ့စိတ်ဓာတ်ကိုက တစ်မျိုးဖြစ်အောင် ဒီဖန်ဆင်းထားတဲ့ကိစ္စရပ်တွေ ၊ ဒီဟာတွေလည်းပဲ ကျွန်တော်တို့ ပညာရေးမြှင့်တင်တဲ့ထဲမှာထည့်ပြီး စဥ်းစားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ ဒီဆရာဆရာမတွေ မူလတန်း ဆရာ/ဆရာမ နောက်အထက်တန်းဆရာ/ဆရာမပေ့ါ၊ အခု ကျွန်တော်တို့ အခြေခံပညာမူလတန်း ဆရာ/ ဆရာမပေ့ါ၊ ဆရာ/ဆရာမတွေရဲ့ Work Done ဟာ လုပ်ငန်းဟာလည်းပဲ အင်မတန်များပြားပါတယ်။ ကျောင်းမှာ ရှိတဲ့ ကလေးတွေရဲ့ စာသင်ကြားရုံတင်မဟုတ်ပါဘူး။ ဗာ ဟီရကိစ္စ

အထွေထွေတွေအများကြီးလုပ်ရပါတယ်။ အဲ ဒီတော့ အဲဒီကိစ္စတွေလုပ်ရင် ဒီဆရာမဟာ အဆင်ပြေပါတယ်။ နို့မို့ဖြစ်ရင် အဆင်မပြေပါဘူး။ ဒါဟာလည်းပဲ ကျွန်တော်တို့ ပညာရေးမှာ အခြေခံမှာ ကျွန်တော်တို့ ထမ်းဆောင်ခဲ့တဲ့ ဒါဦးခင်မောင်ရီ တို့ အသိဖြစ်ပါတယ်။ မဟုတ်ဘူး ဆိုလို့ရှိရင်တော့ ဒါ ကျွန်တော့် အနေနဲ့ ငြင်းတယ်လို့ပဲ ကျွန်တော်တင်ပြပါရစေ။ ဒီဟာလည်းပဲ သူ့ကဏ္ဍနဲ့ သူ့တာ ဝန်နဲ့ ဆောင်ရွက်ဖို့ ဒီဟာတွေကလည်းပဲ အရေးကြီးပါတယ်။ နို့မို့ဖြစ်ရင် ဒီဆရာ/ဆရာမက အဲဒီမှာ သွား ပြီးလုပ်နေတာနဲ့၊ ကလေးတွေကလည်းပဲ သိပ်မကြည့်နိုင်တာနဲ့ ကျောင်းအုပ်ကြီးကအစ ဒီဟာတွေက အများကြီးရှိပါတယ်။ သို့သော် အချိန်ကျရင်တော့ ဒီကလေးတွေက ဘာဖြစ်လို့စာမေးပွဲကျ သလဲဆိုတဲ့ ထုချေလွှာတောင်းပါတယ် ဆိုတာ ကျွန်တော် အရင်တုန်းက ကျောင်းအုပ်ကြီးတွေကိုလည်း ပြောခဲ့ပါတယ်။ ဆရာ ကျွန်တော်ကတော့ လျှောက်လုပ်နေရတာ၊ လုပ်ပြီးတော့ ကလေးတွေက စာမေးပွဲကျရင် ကျွန်တော်တို့ ဘာဖြစ်လို့ ကျသလဲဆိုတာ ကျွန်တော်တို့ ထုချေလွှာတောင်းတယ်ဆိုတော့ အဲတော့ ဘာဖြစ်လာလဲဆိုတော့ ကလေးတွေကိုပဲ အအောင်ပေးဖို့ သူက စဉ်းစားတော့တယ်။ ဟိုဘက်ကလည်းလုပ်ငန်းက သူက မလုပ်မနေရလုပ်ရတဲ့ အပိုင်းတွေလည်းရှိ ပါတယ်။ ဒီကိစ္စရပ်တွေလည်းပဲ ကျွန်တော်တို့က ဒါထည့်သွင်းပြီးတော့ စဉ်းစားပေးဖို့ လိုပါတယ်။ ဆရာ /ဆရာမရဲ့ လက်ထဲမှာ ဒီကလေးတွေကို ထည့်ထားဖို့လိုပါတယ်။ ကျွန်တော်တို့ကဒီဆရာ/ဆရာမတွေရဲ့ လက်ထဲကို ကလေးတွေ ထည့်လို့ မဖြစ်ဘူး။ မသင့်ဘူးဆိုရင်တော့ ဒါကလည်းပဲ ကျွန်တော်တို့ စဉ်းစားစရာရှိပါတယ်။ သူ့ကို တာဝန်ပေးထားမှ သူ့ကိုအဲဒီထဲမှာ နစ်မြုပ်ပြီး တော့ ထားမှသာလျှင် ကျွန်တော်တို့ ပညာရေးက အောင်မြင်မယ်။ နို့မို့ဖြစ်ရင် ဒီကလေးတွေကို ထိန်းသိမ်းမှုအပိုင်းမှာရော စသည်အားဖြင့် အထွေထွေပိုင်းမှာ ကျွန်တော်တို့ ဧည့် သည်အနေအထားလာပြီးတော့ ကျောင်းမှာ ဧည့်သည် အနေအထား၊ ကလေးတွေနဲ့တွေ့ သူကကျောင်းကနေပြီး အိမ်ပြန်၊ ဒီအနေအထားမှာဆိုရင် မအောင်မြင်ပါဘူး။ ဒီကလေးတွေသည် သူ့လက်ထဲမှာ တစ်ခါတည်းကို သူတာဝန်ရှိတယ် ဆိုတဲ့အပိုင်းမှာ ဒါထားပေးဖို့လိုပါတယ်။

နောက်တစ်ချက်စောစောတုန်းက ဒီကလေးတွေ သင်ကြားတဲ့အခါမှာ ကျွ န်တော်တို့ နိုင်ငံမှာ အရင်တုန်းက ဆိုရင်တော့ လမ်းစဉ်လူငယ်ပေါ့၊ အတူတူပါပဲ ကျွန်တော်တို့ Boys Count ပေါ့ ဒီအသင်းလေးတွေရှိပါတယ်။ ဟိုနိုင်ငံတွေမှာလည်း ဒီအသင်းလေးတွေရှိပါတယ်။ အဲဒီ အသင်းလေးတွေဟာလည်းပဲ ဒီကလေးတွေရဲ့ သူ့စိတ်ကူးတည့်ရာ ဒါသူက ဒီအသင်းကိုပါမ ယ်

ဆိုရင် သူပါဝင်ပြီး တော့ သူတို့ လှုပ်ရှားမယ်၊ အပြင်ကိုသွားမယ်၊ ငယ်ငယ်ကလေးဘဝကတည်း က ဒါမှ သူဟာသူတို့ ကြိုးစားနိုင်မယ် ။ ပြီးတော့ အတွေ့အကြုံတွေရမယ်။ ရင့်ကျက်မယ်ဆိုတဲ့ သဘောမျိုးပါ။ ကလေးကိုတော့ဖြင့် လာမင်းတို့ အသင်းထဲဝင် ဒီအသင်း ထဲဝင်ဒီလို မဟုတ်ပါဘူး။ သူ့ရဲ့စိ တ်တိုင်းကျ သူ့ရဲ့စိတ်ဝင် စားတဲ့အသင်း အနုပညာအသင်းဆိုရင်လည်းအနုပညာ၊ အခုနကပြောသလို ဘောလုံးကန်မယ်ဆိုလည်း ဘောလုံး၊ ကြက်တောင်ဆိုရင်လည်း ကြက်တောင်၊ ကလေးဘဝထဲက လမ်းလျှောက်ဆိုရင်လည်း လမ်းလျှောက် ဒီလိုကျွန်တော်တို့က Training လုပ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ပြန်လည်ပြီး တော့ တကယ်ကိုပဲလုပ်ရမယ့် အနေအထားမှာရှိပါတယ်။ ဟိုအထက်တန်းမှာ အခုကျွန်တော်တို့ Higher Education မှာ ရောက်နေတဲ့ ဟာကတော့ သစ်ပင်ကြီးတစ်ပင်လိုပါပဲ ၊ Higher Education ကနေပြန်လာတဲ့ အပင်ရင်းကနေပြီးတော့ကျလာမယ့် ကျွန်တော်တော့ ဟိုမျိုးဆက်ကလေးကို Seed လေးကို ယူပြီးတော့ ဒီမှာ Training လုပ်ရမယ့်အတွက်ကြောင့် ဟိုဘက်ကိုလည်း ချက်ချင်း ကျွန်တော်တို့က သတ်ပစ်လို့မရပါဘူး။ ဒါ့ကြောင့်မို့ လို့ ဒီဘက်မှာ Training လုပ်တဲ့အခါမှာ အခုမှာစလုပ်မှ ကျွန်တော်တို့က (၁၀)နှစ်ကျော် အနှစ် (၂၀)လောက်မှ ကျွန်တော်တို့က တော်တော်လေးကို ဝေဝေဖြာဖြာဖြစ်လာပါမယ်။ မလုပ်လို့ ရှိရင်တော့ ကျွန်တော်တို့အနေနဲ့ တဖြည်းဖြည်း နောက်ကျကျန်နေခဲ့မယ်ဆိုတာ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့ကြောင့်ကျွန်တော် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) က ဦးခင်မောင်ရီရဲ့ ပညာရေးမြှင့်တင်ရေးဆိုင်ရာ ပြည်ထောင်စုအစိုးရအား တို က်တွန်းကြောင်း အဆိုကို လေးလေးနက်နက်ထောက်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

(ဩဘာသံများ)

**အချိန်၊ ၁၅:၀၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးနု ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅:၀၁။**

**ဦးနု ၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြု အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်း

ဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီဟာ အငြိမ်းစားတိုင်းပညာရေးမှူး တစ်ယောက်ဖြစ်ခဲ့တဲ့အတွက် ပညာရေးမြှင့်တင် ပြုပြင် ပြောင်းလဲရေးကိစ္စမှာ အထူးသဖြင့် အခြေခံပညာနယ်ပယ်ကို အလေးထားပြီးတော့ မီးမောင်းထိုးပြသွားရင်းနဲ့ ယနေ့ ပကတိရှိနေတဲ့ ပညာရေးဖြစ်ရပ်မှန်များ ကို ပီပြင်ပေါ်လွင်အောင် အဆိုပြုတင်ပြသွားခဲ့ပါတယ်။ တင်ပြချက်များမှာ ပညာရေးဌာနရဲ့ အားသာချက်များထက် အားနည်းချက်များကို ဝေဝေဆာဆာ ဖော်ပြသွားနိုင်တာကို တွေ့ မြင်ရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက် တဲ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်သွားရမှာဖြစ်လို့ နိုင်ငံကြွယ်ဝမှု အပေါ်အခြေခံပြီးတော့ ပညာရေးရင်းနှီးမြှုပ်နှံမှုများကို တိုးတက်ဆောင်ရွက်ရင်းနဲ့ အားနည်းချက်များကို သင်ခန်းစာယူပြီး ကြီးမားနက်ရှိုင်းလှတဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင် ကျရမယ့် အချိန်ဖြစ်ပါတယ်။ ခွဲစိတ်ကုသရမယ့် ရောဂါကို လူးဆေးနဲ့ ပျောက်မှာမဟုတ်လို့ လုပ်သင့် လုပ်ထိုက်တဲ့ ပညာရေးအပြောင်းအလဲတွေကို အချိန်ဆွဲနေရန် သင့်မသင့်ကို လည်း အလေးအနက်စဉ်းစားရမယ့် အချိန်ဖြစ်ပါတယ်။ တကယ်တော့ ပညာရေးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ပေးနေကြတဲ့ ဆရာ/ဆရာမများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးလှပါတယ်။ ဒီနေရာမှာ ငယ်စဉ်ပညာသင်ဘဝက ကျက်မှတ်ခဲ့ တဲ့ ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်ဆိုတဲ့ ကဗျာလေးဟာ သင်ခန်းစာယူစရာ အဖြစ်နဲ့ အကျဉ်းမျှတင်ပြပါရစေ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပေါက်ပင်ဘာလို့ကိုင်းရလဲ၊ ဗျိုင်းနားလို့ ကိုင်းရတယ်လို့ အစချီတဲ့ ငယ်စဉ်က ကလေးဘဝက သင်ခဲ့တဲ့ သင်ခန်းစာထဲမှာ ပေါက်ပင် ဘာကြောင့် ကိုင်းရတယ်ဆိုတော့ ဗျိုင်းနားလို့ ကိုင်းရတယ်လို့ အကြောင်းပြတာဟာ ပင်ရင်းကိစ္စပါ။ ဗျိုင်း ပြန်မေးပြန်တော့ ငါးပေါ်လို့ နားရပါတယ်လို့ ပြောပြီး၊ ငါး မေးပြန်တော့ ကျွဲလူးလို့ ပေါ်ရ တယ်လို့ပြောပြီး၊ ကျွဲ မေးပြန်တော့ ဖြုတ်ကိုက်လို့ပါ။ ဖြုတ်မေးပြန်တော့ မိုးရွာလို့ပါ။ မိုး ဘာဖြစ်လို့ရွာရလဲဆိုတော့ ဖားအော်လို့ရွာတယ်။ ဖား ဘာဖြစ်လို့ အော်ရလဲဆိုတော့ မြွေကိုက် လို့ အော်ရပါတယ်လို့ ပြောပြီး၊ မြွေ မေးပြန်တော့ ငါ့ ဝမ်းပူဆာ မနေသာလို့ ကိုက်ရတယ် ဆိုတဲ့ဟာနဲ့ အဆုံးသတ်သွားပါတယ်။ ဒီပုံပြင်ဇာတ်လမ်းမှာ ဇာတ်ကောင် (၈) ကောင် ပါဝင်ပြီး နောက်ဆုံးဇာတ်ကောင်ဖြစ်တဲ့ မြွေက ဖားကို ဘာကြောင့်ကိုက်ရတယ်၊ ငါ့ ဝမ်းပူဆာ မနေသာလို့ ကိုက်ရတယ်နဲ့ ဒီပုံပြင်ကို

အဆုံးသတ်ခဲ့ပါတယ်။ ဗျိုင်းနားလို့ ပေါက်ပင်ကိုင်းရာက ဆက်စပ်ပတ်သက်သူတွေ အများအပြား ရှိနေပြီး မြွေက ဖားကို ငါ့ ဝမ်းပူဆာ မနေသာလို့ ကိုက်ရတယ်လို့ အကြောင်းပြခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်ပညာရေးဆွေးနွေးပွဲတွေနဲ့ ပညာရေးပြုပြင် ပြောင်းလဲမှုများ ကို ပြုလုပ်ခဲ့ပေမယ့် ကျေနပ်ဖွယ် တိုးတက်အောင်မြင်မှုများ မျှော်မှန်းသလောက် ခရီးမပေါက်ရခြင်းမှာ လက်တွေ့အကောင်အထည်ဖော်ပေးနေကြတဲ့ ဆရာ /ဆရာမများ အူမ မတောင့်၍ သီလမစောင့်ခဲ့ခြင်းပေလားလို့ စဉ်းစားရင်းနဲ့ ပေါက်ပင်ဘာကြောင့်ကိုင်းရတယ် ပုံပြင် ကဗျာလိုပါပဲ။ အကြောင်းအရာများစွာရှိနေကြပေမယ့် အူမ မတောင့်၍ သီလမစောင့် သည့် အကြောင်းပြချက်တစ်ခုတည်းနဲ့ ရေစုံမျှောပြီးနေမယ် ဆိုရင်တော့ဖြင့် အမိနိုင်ငံတော် အတွက် သားစဉ်မြေးဆက်တို့ရဲ့အနာဂတ်အတွက် ဝမ်းနည်း စရာပဲဖြစ်ပါတယ်။ တကယ်တော့ ပညာရေး လောက ဆရာ/ဆရာမတွေထဲမှာ အူမ မတောင့် ပေမယ့် သီလစောင့်ရင်းနဲ့ ဆရာ့ ဂုဏ်သိက္ခာကိုထိန်းရင်း ပညာရေးနှင့် လောကကို အလှဆင် နေသူတွေလည်း ဒုနဲ့ ဒေးအများကြီး ရှိနေကြပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်လာမယ့် မျိုးဆက်သစ်ကလေးတွေအတွက် မှန်ကန်တဲ့ အသိတွေပေးရင်း အလုပ် လုပ်နေရခြင်းကို မြတ်နိုးတန်ဖိုးထားကာ အလုပ်ဟူသမျှ ဂုဏ်ရှိစွ စိတ်ဓာတ်ကို လေ့ကျင် ့ပျိုးထောင်ပေးရမှာဖြစ်ပါတယ်။ အလုပ်ကို လက်ကြောတင်းအောင် မလုပ်ကြဘဲ၊ လုံ့လ ဝိရိယရှေ့ထားပြီးတော့ ကြိုးကြိုး စားစား မလုပ်ကြဘဲနဲ့ မိမိတို့ ကြုံတွေ့ နေရတဲ့ စားဝတ်နေမှုအခက်အခဲများကို နိုင်ငံတော်အစိုးရအပေါ် မှာသာ အပြစ်ပုံချနေခြင်းအားဖြင့် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးလာမှာ မဟုတ်သည်ကို ပြည်သူတစ်ရပ်လုံးလက်ခံကျင့်သုံးကြရမှာဖြစ်ပါ တယ်။ ဒီလိုစိတ်ဓာတ်မျိုး ကိုလည်း ကျောင်းနေအရွယ် ငယ်စဉ်ကစပြီးတော့ လေ့ကျင့်ပျိုးထောင် ပေးရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိပညာရေး နှစ်(၃၀)စီမံကိန်းရည်ရွယ်ချက်ထဲမှာ ကျွန်တော်မှတ်သား လေ့လာမိသလောက် ၂၀၀၅ ခုနှစ် ထဲမှာ မူလတန်း အဆင့်လောက်မှာ တတ်ရမယ့်အရည်အသွေးမျိုးကို တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံသားတိုင်းတတ်စေချင်တဲ့ ပညာရေး ရည်မှန်းချက်ရှိနေပါတယ်။ ၂၀၁၅ လောက်မှာဖြင့် အလယ်တန်းအဆင့်လောက်မှာ တတ်အပ်တဲ့ အတတ်ပညာမျိုးကို တစ်နိုင်ငံလုံးမှာ တတ်နေစေချင်တဲ့ မျှော်လင့်ချက်ရှိပါတယ်။ စီမံကိန်းကြီး နှစ်(၃၀)ပြည့်တဲ့ ၂၀၃၀ ခုနှစ်မှာတော့ဖြင့် အထက်တန်းဆင့်လောက်မှာရှိတဲ့ ပညာအရည်အချင်း၊ အရည်အသွေးမျိုးကို တစ်နိုင်ငံလုံး နိုင်ငံသားတိုင်း တတ်မြောက်စေချင်တဲ့ ရည်မှန်းချက်ရှိခဲ့တာ

ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံ ပညာကျောင်းများမှာ တတ်အောင်သင်၊ အောင် အောင်စစ်နစ်ဖြင့် ကျင့်သုံးခဲ့ရာကတတ်အောင် မသင်နိုင်ဘဲအောင် အောင်စစ်နေကြခြင်းအားဖြင့် အရည်အချင်းထက် အရေအတွက် ဦးရေဘက်ကို ဦးတည်သွား တာကို ဝမ်းနည်းဖွယ်ရာ တွေ့မြင် ခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင် ဗျား။ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားတဲ့ လူငယ် လူရွယ်များ၊ အခြေခံပညာကျောင်းများမှာ စတင်ပျိုးထောင်ရင်းနဲ့ မှန်ကန်သော ယုံကြည် ချက်နဲ့ အသိအတွေး မွေးမြူပေးနိုင်တဲ့ ပညာရေးပြုပြင်ပြောင်းလဲမြှင့်တင်မှုများ အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အရေးကြီးလှပါကြောင်း တင်ပြ ဆွေးနွေးရင်းနဲ့ ဦးခင်မောင်ရီ ရဲ့ အဆိုကို အလေးအနက်ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးများစွာ တင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၀၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၀၇။**

**ဦးဝင်းမောင် ၊ မန္တလေးတိုင်းဒေသကြီးဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ အဆိုဖြစ်တဲ့ မြန်မာနိုင်ငံ၏ ပညာရေး မြှင့်တင်ရေးဆိုင်ရာ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှ ယ် ကျွန်တော် ဦးဝင်းမောင် က ဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ။ မြန်မာနိုင်ငံမှာ အမျိုးသားပညာရည်မြင့်မားရေး အနှစ် (၃၀) နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ် ကနေစတင်ပြီးတော့မှ အကောင်အထည်ဖော်ခဲ့ပါတယ်။ အနှစ်(၃၀) နှစ်ရှည်စီမံကိန်းနဲ့ ပတ်သက်လို့ ဆရာ ဦးခင်မောင်ရီ က အခြေခံပညာကဏ္ဍကို ပြည့်ပြည့်စုံစုံဖော်ပြသွားပြီး ဖြစ်တဲ့အတွက် ကျွန်တော် အခြေခံပညာကဏ္ဍကိုတော့ မဆွေးနွေးတော့ပါဘူး။ အဆင့်မြင့် ပညာကဏ္ဍကိုပဲ အလေးပေးပြီးတော့ ကျွန်တော် ဆွေးနွေးပါရစေ။ အနှစ် (၃၀) နှစ်ရှည်စီမံကိန်း ရေးဆွဲရာမှာ အခြေခံပညာအခန်းကဏ္ဍပါသလိုပဲ အဆ င့်မြင့်ပညာအခန်းကဏ္ဍကလည်း ပါရှိ ပါတယ်။ အဲဒီ

အဆင့်မြင့်ပညာကဏ္ဍမှာ ကျွန်တော်တို့ မြန်မာစာအဖွဲ့လည်း ပါ ပါတယ်။ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့လည်းပါ ပါတယ်။ မြန်မာနို ငံငံစာစစ်အဖွဲ့ အစရှိတဲ့ အဖွဲ့များ၊ ဦးစီးဌာနများ လည်းပဲ ပါရှိတာကိုတွေ့ရပါတယ်။ အဆင့်မြင့်ပညာကဏ္ဍမှာ ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝ ၁၉၅၉ ကနေ ၁၉၆၄ အတွင်းမှာ ဘွဲ့ကြိုသင်တန်းဟာ သင်တန်းကာလ (၄)နှစ်ဖြစ်ပါတယ်။ ဂုဏ်ထူးတန်းကတော့ (၅)နှစ်ဖြစ်ပါတယ်ခင်ဗျား။ အဲဒီက နောက်ကနေ ပြီးတော့မှ ကျွန်တော်တို့ ဘွဲ့ကြိုသင်တန်းဟာ(၃)နှစ်အဖြစ် ပြောင်းလဲလာပြီးတော့ ဂုဏ်ထူးတန်းဟာ(၄)နှစ်အဖြစ် ပြောင်းလဲ လာတာဟာ ဒီနေ့အထိဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒီမိုကရေစီ အစိုးရသစ် လက်ထက်မှာ ပညာရေးကဏ္ဍမှာ ပြောင်းလဲမှုများ မြှင့်တင်ဆောင်ရွက်နေပြီဖြစ်ကြောင်းလည်း ကျွန်တော်တို့ သိရှိရပါတယ်။ ဘွဲ့ကြို အတွက် ရှေးယခင်ကလိုပဲ ယခု (၄)နှစ်သင်တော့မယ်လို့ ကျွန်တော်တို့ ကြားသိရပါတယ်။ ဒါကြောင့် ဘာသာရပ်ဌာနများအလိုက် သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာများကို အသစ် ပြုပြင် ပြောင်းလဲပြီးတော့ ရေး ဆွဲနေကြတယ်လို့ သိရှိရပါတယ်။ အမျိုးသားပညာရည်မြင့်မားရေး နှစ် (၃၀)စီမံကိန်းအရ မြန်မာစာ၊ မြန်မာဘာသာသင်ရိုးညွှန်း တမ်းများ၊ ဝိဇ္ဇာသိပ္ပံဘာသာရပ် သင်ရိုးညွှန်းတမ်းများ၊ သင်ရိုးမာတိကာများ ကို ကမ္ဘာ့အဆင့် မီစေရအောင် အာဆီယံနိုင်ငံများနှင့် အဆင့်တူညီရအော င်ဆိုပြီးတော့မှ စီမံကိန်းများရေးဆွဲ လျက်ရှိပါတယ်။ အခု သင်ရိုး ညွှန်းတမ်း၊ သင်ရိုးမာတိကာများရေးဆွဲရာမှာ အနှစ်(၃၀)နှစ်ရှည် စီမံကိန်းနဲ့အညီ ကမ္ဘာ့အဆင့်လည်းမီပြီးတော့ မြန်မာ့ပညာရေးစနစ်နဲ့လည်း ကိုက်ညီပြီးတော့ ကျောင်းသား/ကျောင်းသူ များအတွက်လည်းပဲ လက်တွေ့ကျကျ အကျိုးပြုဖို့လိုအ ပ်ပါကြောင်း အကြံပြု တင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော အမျိုး သားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆရာ ဦးခင်မောင်ရီ ရဲ့ အဆိုအတိုင်း မြန်မာနိုင်ငံ၏ ပညာရေးကို မြှင့်တင်မယ်ဆိုရင် သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုး မာတိကာတွေ ကောင်းမွန်ရုံနဲ့ မလုံလောက်သေးပါဘူးလို့ ကျွန် တော်ထင်မြင်ပါတယ်။ ကျောင်းသား/ကျောင်းသူများကို ပညာသင်ကြားပေးမယ့် ဆရာ /ဆရာမများရဲ့ အရည်အသွေး လည်းပဲ မြင့်မားလာဖို့လိုပါတယ်။ ဆရာ /ဆရာမများရဲ့ ပညာရည်မြင့်မားလာအောင်လည်းပဲ လေ့ကျင့်ပေးဖို့လိုအပ်ပါတယ်။ ယနေ့ လက်ရှိဆောင်ရွက်နေတဲ့ ဆရာ /ဆရာမများအတွက် ပညာရည်မြင့်မားရေးကို ကျွန်တော် သာဓကအချို့ ကောက်နုတ်ပြီးတော့ တင်ပြပါရစေ။ တက္ကသိုလ် ဆရာ /ဆရာမများကို အထူးမွမ်းမံသင်တန်းများ ပို့ချလျက်ရှိပါတယ်။ ဖောင်ကြီး

သင်တန်း၊ ဇီးပင်ကြီးသင်တန်းစသည်ဖြင့် တက္ကသိုလ်ဆရာ /ဆရာမများ အထူးမွမ်းမံသင်တန်းကို ပို့ချလျက်ရှိပါတယ်။ ဒါ ပထမအချက်ပါ။

ဒုတိယအချက်အနေနဲ့ ကျွန်တော်တင်ပြရရင်တော့ ဌာနတွင်းမှာ ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ပို့ချ လျက်ရှိပါတယ်။ မြန်မာစာ၊ သမိုင်း စသည်ဖြင့် ဝိဇ္ဇာဘာသာရပ်များ လည်းပဲ မိမိဌာနမှာ ပို့ချနေပါတယ်။ ရူပ၊ ဓာတု အစရှိတဲ့ သိပ္ပံ ဘာသာရပ်များလည်းဌာနတွင်း မွမ်းမံသင်တန်းများ ပို့ချလျက်ရှိပါတယ်။ ပါမောက္ခ ကစပြီးတော့ ကထိကအဆင့်ထိအောင် က အောက်က ဆရာ/ဆရာမများကို အရည်အသွေး မြင့်မားလာအောင်လို့ ကျွန်တော်တို့ ဘာသာရပ် ဆိုင်ရာ မွမ်းမံသင်တန်းများပို့ချလျက်ရှိပါတယ်။

တတိယအချက်အနေနဲ့ကတော့ ဘာသာရပ်အလိုက် သုတေသနလုပ်ငန်း များလုပ်ကိုင် စေပါတယ်။ သုတေသနလုပ်ငန်းများလည်းပဲ လုပ်ကိုင်လျက်ရှိပါတယ်။ အဲဒီအခါမှာ တက္ကသိုလ် ဆရာ/ဆရာမတွေဟာ အသစ် အသစ်သော သုတေသနရလဒ်များ တွေ့ရှိအောင်၊ ရရှိအောင် ဆောင်ရွက်နေတာကိုလည်းပဲ တွေ့ရှိရပါတယ်။

စတုတ္ထအချက်အနေနဲ့ကတော့ ဆရာ/ဆရာမများ သုတေသန စာတမ်းပြုစုပြီးတော့ သုတေသနစာတမ်းများ ဖတ်ကြရပါတယ်။ အဲဒီလိုဖတ်တဲ့အခါမှာ အဆင့် များခွဲခြားထားပါတယ်။ မိမိဌာနတွင်းအနေနဲ့ ဌာနအဆင့်၊ တက္ကသိုလ်အဆင့်၊ ဦးစီးဌာနအဆင့်မှသည် နောက်ဆုံး နိုင်ငံတော်အဆင့်ထိအောင် သတ်မှတ် ထားပါတယ်။ အဲဒီလို ပညာရှင် ဌာနအဆင့်၊ တက္ကသိုလ် အဆင့်၊ ဦးစီးဌာနအဆင့်၊ နိုင်ငံတော် အဆင့်အထိ အဆင့်ဆင့် သတ်မှတ်ခွဲခြားပြီးတော့ ဆရာ ၊ ဆရာမများကို အရည်အသွေးမြင့်မား အောင်လို့ သုတေသနလုပ်ငန်းများမှာ ဦး တည်ပြီးတော့ အရည်အသွေး မြှင့်တင်ပေးလျက်ရှိကြောင်းလည်းပဲ တင်ပြအပ်ပါတယ်။

ပဉ္စမအချက်အနေနဲ့ကတော့ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့က စာတမ်း ဖတ်ပွဲများကျင်းပပေးပါတယ်။ အဲဒီဖတ်ကြားခဲ့တဲ့ စာတမ်းများ ကိုလည်းပဲ မှတ်တမ်းတင်တဲ့ အနေနဲ့ ဂျာနယ်များ ထုတ်ဝေပါတယ်။ အဲဒီ ဂျာနယ်ထုတ်တဲ့နေရာ မှာ မြန်မာဘာသာနဲ့ ထုတ်သလိုပဲ အင်္ဂလိပ်ဘာသာနဲ့လည်း ထုတ်ဝေလျက်ရှိပါတယ်။ တစ်နည်း အားဖြင့်လည်း ဆရာ၊ ဆရာမများ သုတေသနပြုချင်အောင်၊ သုတေသနစာတမ်းများရေးဖြစ်အောင် အဲဒီစာတမ်းများကို လည်းပဲ မြန်မာကနေ ကမ္ဘာထိအောင် ပျံ့နှံ့အောင်လို့ မြန် မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နောက်ဆုံးအချက်ဖြစ်တဲ့ ဆဋ္ဌမ အချက်အနေနဲ့ကတော့ ဆရာ၊ ဆရာမများရဲ့ ပညာရည်မြင့်မားအောင်လို့ မဟာတန်း၊ မဟာ၊ သုတေသနသင်တန်းများ ပြီးပြီဆိုရင် ပါရဂူ သင်တန်းများတက်အောင်လည်းပဲ တိုက်တွန်းပေးလျက်ရှိပါတယ်။ ဆရာ၊ ဆရာမများ ဟာလည်းပဲ ပါရဂူသင်တန်းများ တက်ရောက်ပြီးတော့ ပါရဂူကျမ်းများပြုစုပြီးတော့ ပါရဂူဘွဲ့များရရှိအောင် ဆောင်ရွက်နေကြပါတယ်။ နိုင်ငံတော်အစိုးရကလည်းပဲ တွန်းအားပေးလျက်ရှိပါတယ်။

ကျွန်တော် အလျဉ်းသင့်လို့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးအား တင်ပြရမယ် ဆိုရင် ဒီနေ့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဟာ ယခင်က မန္တလေးတက္ကသိုလ်၊ ဓာတုဗေဒဌာနမှာ ပါမောက္ခတာဝန် ထမ်းဆောင်ခဲ့ပါတယ်။ ပါမောက္ခ တာဝန်ထမ်းဆောင်စဉ်က ရန်ကုန်တက္ကသိုလ်မှာ ပထမဦးဆုံး သော ဓာတုဗေဒပါရဂူကျောင်းသူကို မွေးထုတ်ပေးခဲ့ပါတယ်။ ပါမောက္ခဘဝနဲ့ပဲ ရန်ကုန် တက္ကသိုလ်သွားပြီးတော့မှ ဒေါက်တာမြအေး က ဓာတုဗေဒပါရဂူသင်တန်းကို ပို့ချခဲ့ပါတယ်။ အဲဒီ ဆရာမပါရဂူကျမ်းပြုတဲ့ အခါမှာလည်း ဒေါက်တာမြအေး ကိုယ်တိုင်ကြီးကြပ်ခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပထမဦးဆုံးသော ဓာတုဗေဒပါရဂူဘွဲ့ရကို ဒေါက်တာမြအေး မွေးထုတ်ခဲ့တာပါ။ တစ်ဆက်တည်းမှာပဲ မန္တလေး တက္ကသိုလ်ဓာတုဗေဒဌာနမှာလည်း ဓာတုဗေဒပါရဂူဘွဲ့ရများကို ဒေါက်တာမြအေး မွေးထုတ် ပေး ခဲ့ပါတယ်လို့ ကျွန်တော် အလျဉ်းသင့် ့လို့ တင်ပြ အပ်ပါတယ်။ အဲဒီလို ပါရဂူဘွဲ့များကို နိုင်ငံတော်အစိုးရရဲ့ တို က်တွန်းချက်၊ ပညာရေးဝန်ကြီးဌာနရဲ့ တို က်တွန်းချက်နဲ့ ဆရာ၊ ဆရာမ ပြုစုပြီးတဲ့နောက်မှာ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ကအဲဒီပါရဂူ ကျမ်းတွေကို ဘာသာရပ် အလိုက် ပြိုင်ပွဲလုပ်ပေးပါတယ်။ ပြိုင်ပွဲ လုပ်ပြီးတဲ့အခါမှာလည်းပဲ ဆုများချီးမြှင့် ပေးခဲ့ပါတယ်။ အဲဒီလိုနည်းအားဖြင့် မြန်မာနိုင်ငံမှာ ပညာရေးနဲ့ ပတ်သက်ပြီးတော့ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ပေးလျက် ရှိတာကို တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဆရာဦးခင်မောင်ရီရဲ့ မြန်မာနိုင်ငံ ပညာရေးမြှင့်တင်မှုအဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော် နိဂုံးချုပ်တင်ပြပါရစေ။ အထက်မှာ နမူနာပြခဲ့တဲ့ လုပ်ငန်းစဉ်များကို ဆရာ၊ ဆရာမများက စိတ်ပါဝင်စားစွာနဲ့ ထိထိရောက်ရောက် အကောင်အထည်ဖော်ကြမယ်ဆိုရင် ဆရာ၊ ဆရာမများရဲ့အရည်အသွေးမြင့်မားလာမှာ မလွဲပါဘူး။ မြန်မာနိုင်ငံ ပညာရေးအဆင့် မြင့်မားလာမှာလည်းပဲ မလွဲပါဘူး။ ဒီမိုကရေစီနိုင်ငံ တော်သစ်မှာ

ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုတစ်ခု ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ပညာရေးဝန်ထမ်းများ အခြေခံနဲ့အဆင့်မြင့် ဆရာ၊ ဆရာမများ ပါဝင်ပူးပေါင်း အကောင်အထည်ဖော်ပေးကြပါ။ အမျိုးသားပညာရည်မြင့်မားရေး နှစ် (၃၀)နှစ်ရှည်စီမံကိန်းမှာ အခြေခံပညာကဏ္ဍရော အဆင့်မြင့်ပညာကဏ္ဍကပါ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ ကျွန်တော် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၅း၁၆။**

**ဦးဇုန်လှယ်ထန်း ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)။** ။ လေးစားအပ်တဲ့ နာယကကြီးနဲ့ ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆွေးနွေးခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

နာယကကြီးခင်ဗျား။ ကျွန်တော်တို့အားလုံး သိတဲ့အတိုင်းပဲ လူသားကို အရင်းအမြစ်အဖြစ် ကျွန်တော်တို့ တည်ဆောက်နိုင်မယ်ဆိုရင် ဒါဟာ မကုန်ခမ်းနိုင်မယ့် အရင်းအမြစ်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ သိပြီးဖြစ်ပါတယ်။ ပြီးတော့ လက်တွေ့ကျကျ အဲဒီလို ဖြစ်လာတဲ့ ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံတွေလည်းရှိပါတယ်။ စင်ကာပူတို့၊ ဂျပန်တို့ သူတို့နိုင်ငံတွေဟာ ဘာမှ အရင်းအမြစ် (Resources) မရှိဘဲနဲ့ ဒီလူတွေကိုပဲ အရင်းအမြစ်အဖြစ်လုပ်ပြီးတော့ ဖွံ့ ဖြိုးတဲ့နိုင်ငံအဖြစ်ရောက်လာတာ အားလုံးမြင်ပါတယ်။ သို့သော် ကျွန်တော်တို့ အဲဒီလိုမျိုး သူတို့လိုလုပ်ဖို့ ကျွန်တော်တို့ တိုင်းပြည်ရဲ့လက်ရှိမှာ တကယ်ဖြစ်နေတဲ့အခြေအနေနဲ့ ချိန်ထိုးကြည့်တဲ့အချိန်မှာတော့ ဘယ်လိုကျွန်တော်တို့ လုပ်နိုင်မလဲဆိုတာတော့ Are back a big quiescent ကဖြစ်နေတယ်။ သို့သော် ကျွန်တော်တို့က တဖြည်းဖြည်းချင်း တတ်နိုင်သလောက် ကျွန်တော်တို့ နိုင်ငံက ကြိုးစားပြီးတော့ အားထုတ်ပြီးတော့ အစီအစဉ်တွေ ဆွဲပြီးတော့ ပညာရေးမြှင့်တင်ရေး ဆိုင်ရာလုပ်ဖို့တော့ ကျွန်တော်တို့ တော်တော်အရေးကြီးပါတယ်လို့မြင်ပါတယ်။ ကျွန်တော် အကြံ ပြုတဲ့ပုံစံကတော့ လက်တွေ့မှာ ဖြစ်နိုင်မလားတော့မသိဘူး။ ကျွန်တော်တို့ ယခု လက်ရှိမြန်မာနိုင်ငံမှာ ကျွန်တော်တို့ အခြေခံပညာ သင်တဲ့ပုံစံ၊ နှစ်တွေသတ်မှတ်တဲ့ပုံစံကအစပေါ့ ကျွန်တော်အကြံပြုချင်တာကတော့ မူကြိုကို (၃)နှစ် လောက်

ဒီ(၄)နှစ်၊ (၅)နှစ်၊ (၆)နှစ် အဲဒီလိုမျိုး တ က်ခိုင်းပြီးတော့ ဒီသူငယ်တန်းကို မထားဘဲနဲ့ (၆)နှစ်၊ (၇)နှစ်လောက်ကနေ စပြီးတော့ Pre - 1 , Primary -1 ဆိုပြီးထား စေချင်ပါတယ်။ အဲဒီလို Pre 1 ကနေ အနည်းဆုံး တက္ကသိုလ်မတက်ခင်မှာ အခြေခံပညာမှာ (၁၂)နှစ်အနည်းဆုံး သင်စေချင်တယ်။ အဲဒါမှ ရတဲ့ပညာရေးက တကယ်အရည်အသွေးရှိတဲ့ ပ ညာရေးဖြစ်လာမယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယခု လက်ရှိလုပ်နေတဲ့ပုံစံက သူငယ်တန်းဆိုရင်လည်း Pre - 1 လားမသိဖြစ်နေတယ်။ အခု ဂျပန်နိုင်ငံမှာ ကျွန်တော်တို့ တက္ကသိုလ်သွားတက်ဖို့ဆိုရင် သူတို့ကတော့ Pre -1 ကနေ ဒီသူငယ်တန်း မပါဘဲနဲ့ အနည်းဆုံး (၁၂)နှစ်တိတိသင်ဖူးတဲ့သူမှ တက္ကသိုလ် First Year အဖြစ်လက်ခံနိုင်တယ်။ အခု ကျွန်တော်တို့ (၁၀)တန်းအောင်တဲ့သူတွေ သူတို့နိုင်ငံမှာ တက္ကသိုလ် First Year အဖြစ်လက်မခံနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူက အခြေခံပညာမှာ သင်တဲ့နှစ်ကိုက အရမ်း ကျွန်တော်တို့ သူငယ်တန်းနဲ့ စတွက်ရင်တောင်မှ (၁၁)နှစ်ပဲရှိသေးတယ်။ သူ့နိုင်ငံမှာတော့ တက္ကသိုလ်မရောက်ခင်မှာ Kidding Current ဒီမူကြိုကို လုံးဝကို မတွက်ဘဲနဲ့ (၁၂)နှစ်တိတိ စာသင်ပေးပါတယ်။ ကျွ န်တော်တို့လည်း အဲဒီလိုမျိုးပဲပြောရရင် ကျွန်တော်တို့ နိုင်ငံမှာတော့ (၇၀)ရာခိုင်နှုန်းက ကျေးလက်မှာနေတဲ့ အချိန်ကျတော့ ဒီ တစ်ပြည်လုံး အတိုင်းအတာနဲ့ ပြောရမယ်ဆိုရင်လည်း အခက်အခဲတွေ လက်တွေ့မှာ ကျွန်တော်တို့ ဘယ်လိုပဲ မြှင့်တင်၊ ဘယ်လိုပဲပြောပြော မကိုက်ညီနိုင်တဲ့ အရာတွေလည်း အများကြီးရှိမယ်လို့ ထင်တယ်။ ယုံကြည်တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ကျောင်းတက်တဲ့အချိန်မှာ ကျွန်တော် ရွာမှာသူငယ်တန်း တက် ဖူးတယ်။ ကျွန်တော်တို့ သူငယ်တန်းကျောင်းတစ်ခုလုံးမှာ ဆရာ တစ်ယောက်ပဲရှိတယ်။ အဲဒါတောင်မှ အစိုးရဆရာ မဟုတ်ဘဲ ကျွန်တော်တို့ ငှားတဲ့ဆရာ ဆိုတော့ ဘယ်လိုမှ တ တ်အောင်သင်ပေးဖို့ကလည်း အခြေအနေကလည်းမပေးဘူး။ အခု ကျွန်တော်တို့ ရွာတွေမှာ အခုလည်း လက်တွေ့မှာ ဆရာပေးနိုင်တာ အများဆုံးပေးနိုင်တာက (၂)ယောက်ဖြစ်နေတယ်ဆိုတော့ သူငယ်တန်း၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်းမှာ အတန်း (၅)တန်း၊ (၅)တန်းကို ဆရာ(၂)ယောက်က ကိုင်တယ်။ ဘယ်လိုမှ တတ်အောင်သင်ပေးဖို့ အခြေအနေကို လုံးဝကို မပေးဘူး။ သူတို့ အချိန်ပြည့် ကျောင်းမှာနေရင်တောင်မှ မရနိုင်သေးဘူး။ အဲဒီလိုအခြေအနေ လက်တွေ့မှာ ကျွန်တော်တို့ ဒီကျေးလက်တွေမှာ အဲဒီလိုဖြစ်နေတယ်။ ကျွန်တော်တို့ ကျော င်းတွေကလည်း ဥပမိရပ်မှာ တချို့ ကျောင်းတွေက နွားတင်းကုတ်လို ဒါကလက်တွေ့ပဲ အဲဒီလိုဖြစ်နေတယ်ဆိုတော့ ဒါတွေကိုတော့ ကျွန်တော်တို့ စဉ်းစားပြီးတော့ ဘယ်လိုမြှ င့်တင်ပေးမလဲဆိုတာ

တော့ သူများနိုင်ငံတွေလိုလုပ်ဖို့ကတော့ ချက်ချင်းကြီးတော့ လုံးဝဖြစ်နိုင်မယ်လို့တော့ မယူဆဘူး။ သို့သော် ဒီအခြေအနေလေးတွေကို ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း အခု ဘတ်ဂျက်ကလည်း နှစ်ဆလောက်တိုးလာပြီဆိုတော့ ကျေးလက်တွေမှာ ကျွန်တော် တို့ ဘယ်လို ဆရာတွေကို ပံ့ပိုးပေး မလဲဆိုတာ တော်တော်လည်း အရေးကြီးပါတယ်။ ကျွန်တော်တို့ကျောင်းမှာ အခု မြို့ပေါ်မှာဆိုရင် လည်း ဒီစာမေးပွဲ ကနေပဲ ဆုံးဖြတ်ပေးတဲ့ ဒီပညာရေး စနစ်ဆိုတော့ ကျောင်းတက်တဲ့အချိန် မှာ တခြားအစီအစဉ်တွေ ကျောင်းမှာမရှိနိုင်ဘူး။ အိမ်ပြန်လာတာနဲ့ ကျူရှင်ပေးလိုက်၊ ကျောင်းတက် လိုက် အဲဒီလိုဖြစ်နေတော့ ကျွန်တော်တို့ရဲ့ ပညာရေးစနစ်ကလည်း ဒီကျွန်တော်တို့ ကလေးတွေရဲ့ အရည်အသွေးကလည်း ဘယ်လိုမှ ဖွံ့ဖြိုးမှုအပြည့်အဝ မရနိုင်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ ကျောင်းမှာ ကျွန်တော်တို့ ဆရာမတွေက ပြည့်ပြည့်ဝဝ ကျူရှင်ယူစရာမလိုဘဲနဲ့ ကျောင်းမှာ သင်ပေးနိုင်ရင် တော်တော်လေး ကောင်းမယ်လို့ ယူဆပါတယ်။ ပြီးတော့ ဒီ ကျောင်းမှာသင်တဲ့ သင်ခန်းစာမှာ စာတွေသာမက အားကစားဘက်မှာ သော်လည်းကောင်း အမျိုးမျိုး သူ့ရဲ့ အစီအစဉ်တွေမှာ အများကြီးချပေးပြီးတော့ ဒီလိုသင်ပေးနိုင်ရင်တော့ ကျွန်တော်တို့ အများကြီး တိုးတက်နိုင်မယ်လို့ ထင်ပါတယ်။ ကျွန်တော်က ချင်းပြည်နယ်ကနေ (၁၀)တန်းကို ရန်ကုန်မှာ လာတက်တဲ့အချိန်ကျတော့ ဘယ်လိုလဲဆိုတော့ ကျွန်တော်တို့ ဒီဝင်ခွင့်ကလည်း ချက်ချင်းမရဘူး။ သူတို့ လူဟောင်းတွေကို အရင် အားလုံးဝင်ခွင့်ပြုပြီးမှပဲဆိုတော့ တစ်လလောက်နောက်ကျ တယ်။ နောက်ကျတော့ သူတို့ကို အမီလိုက်နိုင်အောင် ဆိုပြီးတော့ အရှိန်ရတော့မယ်ပဲရှိသေးတယ် အောက်တိုဘာလ လောက်မှာ ဘယ်သူမှ အတန်းထဲမှာကျောင်းသားတစ်ယောက်မှ မရှိတော့ဘူး။ ကျွန်တော်တို့ A,B,C,D,E,F,G,H လောက် အတန်းရှိတဲ့ဟာကို ကျောင်းတက်တဲ့သူက အယောက်(၃၀) လောက်ပဲရှိတယ်ဆိုတော့ တစ်တန်းမှာပေါင်းပြီးတော့ ကျွန်တော်တို့ကို စာသင် ပေးတယ်။ စာသင်ပေးပြီးတော့ ဆရာမတွေ၊ ဆရာတွေကလည်း သူကကြိုက်တဲ့ဘာသာကိုလာ သင်ပေးတာ။ ကျွန်တော်တို့က (၁၀)တန်းစာကို အကုန်လုံးသင်ခွင့်မရခဲ့ဘူး။ အဲဒီလိုမျိုး ကျောင်းမှာ။ ကျူရှင်အားမကိုးဘူးဆိုရင် လုံးဝကိုမဖြစ်နိုင်တဲ့ အခြေအနေတွေမှာ ဒါလက်တွေ့ပဲ ကျွန်တော်တို့ အင်းစိန်မှာ (၁၀)တန်းတက်ခဲ့တယ်။ ကျွန်တော်တို့ ကျောင်းတွေက အဲဒီလိုဖြစ် တယ်။ အဲဒါကို ပညာရေးဝန်ကြီးဌာနက ကျောင်းကိုအားကိုးချင်တဲ့၊ ကျူရှ င်တွေမတက်နိုင်တဲ့ ကျောင်းသားတွေအတွက်လည်း သူတို့ ဒီ သင်ခန်းစာလေးကိုတော့ အပြည့် အစကနေအဆုံးအထိ သင်ခွင့်ရအောင် ကျောင်းကနေပြီးတော့ စီစဉ်ပေးသင့်ပါတယ်။ ကျွန်တော်တို့ တခြားနိုင်ငံတွေက ဘယ်လိုလုပ်သလဲဆိုတာလည်း ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း အမြဲတမ်းလေ့လာစေချင်ပါ

တယ်။ ဒါ ဘယ်လို  မြှင့်တင်မလဲဆိုတာကိုလည်း အမြဲတမ်းလေ့လာစေချင်ပါတယ်။ ကျွန်တော် ပြောချင်တဲ့ဟာတွေနဲ့လည်း လက်တွေ့မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ ဟာတွေနဲ့လည်း မကိုက်တဲ့ဟာတွေ တော်  တော်လေးကွဲကွာနေတဲ့အတွက်ကြောင့်  အများကြီးလည်း  သိပ် မပြောချင်ပါဘူး။ အဲဒီတော့ ဒီ ဦးခင်မောင်ရီ ရဲ့ ပညာရေးမြှင့်တင်ရေးဆိုင်ရာ အဆိုကို ကျွန်တော် ထောက်ခံ ကြောင်း ဆွေးနွေးလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅:၂၅။**

**ဥက္ကဋ္ဌ။** ။ကိုယ်စားလှယ်တွေဆွေးနွေးပြီးတော့ ပညာရေးကိစ္စဆိုတော့ ဥက္ကဋ္ဌ လည်း  သိပ်မနေနိုင်တော့ဘူး နည်းနည်း စိတ်ပါလာတယ်။ အဲဒီတော့ ဒေါက်တာ  မြအေး ဟာ Ph.D  တစ်ယောက် စတင်မွေးဖွားခဲ့တယ်ဆိုတဲ့အခါမှာ သွားသတိရတာတစ်ခု  ရှိတယ်။ မကြာ သေးခင်က သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်က ဆရာ/ဆရာမတွေရဲ့ ခံစားချက် ကျွန်တော် ဆီရောက်လာတာရှိတယ်။ သူတို့က Master ဘွဲ့ပဲရပါတယ်။ ပထမဦးဆုံး Ph.D ပေးမယ်ဆိုတော့ သူတို့ စသင်ပေးရတယ်။ အဲဒီ သူတို့ စသင်ပေးရတဲ့ မျိုးဆက်သစ်တွေက စပြီးတော့ကို  Ph.D သင်တန်းတက်တဲ့အချိန်ကစပြီးတော့ လုပ်သက်ရတယ်။  Ph.D  လည်း  ရပြီးရော လုပ်သက် ဘယ်လောက် Ph.D ဘွဲ့ရမှ Promotion ပေးမယ်ဆိုတဲ့အတွက် သူတို့ သင်ပေးလိုက်တဲ့  Ph.D တွေက သူတို့အပေါ်ရောက်လာတယ်။ အဲဒီ  သူတို့အပေါ်ရောက်လာတဲ့  Ph.D  တွေကထပ် သင်တဲ့  Ph.D  တွေက သူတို့ပေါ် ထပ်ရောက်လာတယ်ဆိုတော့ သားတွေ၊ မြေး  တွေက သူတို့အပေါ်ရောက်လာတော့ သူတို့ကတော့ ဒီနေ့အချိန်အထိ  Master ဟာ Master ပဲ။ Ph.D မရတဲ့အတွက်  Promotion  စဉ်းစားတဲ့အထဲမှာ လုံးဝမပါတော့ပဲ နှစ်ပေါင်းကြာမြင့်စွာ ခံစားနေရတယ်ဆိုတာနဲ့ ကျွ  န်တော် သမ္မတဆီကို စာရေးလိုက်တာ  ရှိပါတယ်။ အမျိုးသား ပညာရေးကောင်စီကနေ ဆုံးဖြတ်  ပါစေ။ သမ္မတကနေ ဒါ ချပေးထားတာ ရှိတယ်ပေါ့နော်။ အဲဒီတော့ ဒါမျိုးလေးတွေလည်း ခုနလို မဖြစ်အောင်ပေါ့။

နောက်တစ်ခုက ဦးဇုန်လှယ်ထန်း ဆွေးနွေးတဲ့အခါကျတော့ ကျွန်တော် သွားသတိရတာ အရင်တစ်ခါ သူ  English  Language  နဲ့ပတ်သက်လို့ တော်တော်လေး ဆွေးနွေးဖူးပါတယ်။ အဲဒီတော့ ကျွန်တော် တို့က ကမ္ဘာ့ပညာရေးကို ချိတ်ဆက်ဖို့ဆိုရင်  English Language  ကို ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် ဟိုးစပြီးတော့ သူငယ်တန်းပဲ ဖြစ်မှာပေါ့နော်။ အဲဒီလို ကျောင်းစနစ်ကစပြီးတော့  Listening,  Speaking,  Four Skills  ပေါ့။  Four Skills  ကို

ထည့်ဖို့တော့လိုပြီ။ သာမန်သင်လို့တော့ မဖြစ်တော့ဘူး။ ဒီလိုသင်ပြီဆိုတဲ့အခါကျတော့ အင်္ဂလိပ်စာနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်ကို ကျောင်းမှာ ဖန်တီးပေးရမယ့် သဘောရှိပါမယ်။ ပတ်ဝန်းကျင်ရှိရင် တခြားစာ မတတ်တောင် အင်္ဂလိပ် လိုစာ တတ်တယ်။ စကားက စတတ်တာပဲ လူဆိုတာ။ စာက စတတ်တာမှ မဟုတ်တာ။ ဥပမာပေါ့။ ဥပမာတစ်ခု သတိရတယ် ။ ရယ်စရာလည်း ရယ်စရာပါ။ ပုဂံမှာ ရွှေစည်းခုံ စေတီတော်မှာ အရင်တုန်းက ကလေးတွေက ဘုရားကိုလာတဲ့ နိုင်ငံခြားသားတွေကို လိုက်ပြီးတော့ ရှင်းပြတယ်။ ဒါ ကျွန်တော် စာအုပ် တစ်အုပ်ထဲမှာ ဖတ်ဖူးတာ။ အဲဒီကလေးတွေ အကြောင်းရေးထားတာ။ ကလေးကနေပြီး တော့ အဲဒီအချိန်မှာ မြတ်စွာဘုရားသ ခင် ကနေပြီးတော့ သာဓု သာဓု သာဓု လို့ ပြောတယ်ဆိုတော့ At the time Lord Buddha said sartu sartu sartu ဆိုပြီး ပြောတော့ ဟိုကောင်တွေက What the Meaning of sartu ဒီ sartu ဆိုတာ ဘာလဲလို့ မေးတဲ့အခါကျတော့ ကလေးကတစ်ချက် ခေါင်းကုတ်လိုက်ပြီးတော့ At the time Lord Buddha said OK OK OK ဆိုပြီး၊ နိုင်ငံခြားသားတွေရဲ့ စိတ်ထဲမှာ စွဲသွားတယ်။ မှန်တယ်လေ။ သာဓုဆိုတာ ကောင်းလေစွ မှတ်လား။ အဲဒီ တော့ ဒီနိုင်ငံခြားသားတွေက ဂေါပက ကို အလှူငွေပေးတဲ့အခါကျတော့ ဂေါပက က သာဓု ဆိုတော့ နိုင်ငံခြားသားတွေက OK။ အဲဒီတော့ ဒီကလေးတွေက ဘာဖြစ်လို့ ပြောနိုင်သလဲဆို တော့ Incentive ရှိတာပေါ့နော်။ မုန့်ဖိုးပေးသွားတယ်၊ ဘာတယ် ညာတယ်ဆိုတော့ ဒီလိုဖြစ်အောင်လုပ်တဲ့အခါမှာ ရပါတယ်။ အဲဒီလို သင်တဲ့ ကြားတဲ့အခါမှာ ဆရာ၊ ဆရာမတွေရဲ့ အသံထွက်မှန်ကန်ဖို့ကိစ္စ၊ အားတော့အားနာပါတယ်။ ယခင်ဖြစ်ခဲ့တဲ့ ကိစ္စတွေမှာ အဝေးသင်က တီဗွီမှာ ပို့ချတဲ့ ဒီဆရာတွေဟာ နည်းနည်းအဆင့်ရှိတဲ့ ဆရာတွေပါ။ ကျွန်တော် အဆင့်တွေ ဘာတွေလဲ မပြောလိုပါဘူး။ အသံထွက်က သိပ်မှားတာပဲ တီဗွီမှာ။ နောက်တစ်ခုက ရှင်းပြတာလည်း မဟုတ်ဘူး စာဖတ်ပြတာ။ တီဗွီမှာ စာတမ်း ထိုးတယ် အဲဒါကို ဖတ်ပြတယ်ဆိုတဲ့ကိစ္စနဲ့ အဝေးသင်နဲ့ ဒီလိုလုပ်တာတွေ ရှိတဲ့အတွက် အဲဒီ လိုလုပ်မယ်ဆိုရင် ဒီဆရာ/ဆရာမတွေ အသံထွက် မှန်ဖို့ပေါ့နော်။ အဲဒီတော့ ကျွန်တော့်အိမ်မှာလည်း ကလေး ပေါက်စလေးရှိပါတယ်။ Carrot ကဲရဒ်တ်ကို ဆရာမ တစ်ယောက်က ကဲရော့တ် လို့ဖတ်တဲ့ အတွက် ကလေးက အထင်မကြီး တော့ဘူး။ ဒီဆရာမဆီ မသင်တော့ဘူးဆိုတာမျိုးပေါ့ အဲဒီလို ဖြစ်တာတွေ ရှိတယ်။ Huge ကို ဟုဂ် လို့ဖတ်တဲ့အတွက် ဒီဆရာမက ဟုဂ် လို့ ဘာလို့ဖတ်ရမှာ လဲဆိုပြီး ကလေးတွေဖြစ်လာတဲ့ အနေအထားတွေ ရှိလာတဲ့အခါကျတော့ ကလေးတွေမှာကိုက ဘာဖြစ်လဲ ဟိုဟာဖြစ်လာပြီ။ အခမ်းအနားတစ်ခုမှာ ပညာရေးဆိုင်ရာ တက္ကသိုလ်

အခမ်းအနားတစ်ခုမှာ ဖွင့်ပွဲမှာ ပါမောက္ခချုပ် တစ်ယောက်က အင်္ဂလိပ်လို ပြော ပါတယ်။ ပြောတဲ့အခါမှာ အသံထွက် တွေရော၊ အဖြတ် အတောက်တွေရော၊ Tone တွေရော အကုန်လုံးက တော်တော်ညံ့ပါတယ်။ ပြီး တော့မှ ကျောင်းသူလေး တစ်ယောက်က အင်္ဂလိပ်လို ပြောတဲ့အခါမှာ အလွန်ကောင်းပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဒီကျောင်းသူလေးက အပြင်မှာ English Language ကို သူ့ရဲ့ မိဘရဲ့ ပတ်ဝန်းကျင်ကို လေ့လာထားလို့ဆိုတာမျိုး ရှိတဲ့အခါ ဆရာ /ဆရာမတွေကို Foreigners တွေနဲ့ ခေါ်ပြီးတော့ ဒီ အင်္ဂလိပ်နဲ့ပတ်သက်တဲ့ Four Skills ကို လေ့ကျင့်ပေးဖို့တော့လိုပြီ။ ဒီ ဆရာ/ဆရာမတွေကို အကုန်လုံးအသစ်လဲ လိုက်လို့လည်းမရဘူး။ ဖြုတ်ပစ်လို့လည်း မရဘူးဆိုတော့ အဲဒီလိုလုပ်ရင် ဒီအင်္ဂလိပ်နဲ့ပတ်သက်လို့လည်း ဝန်ကြီးတို့ နည်းနည်း အရေးတယူ စဉ်းစားပေးဖို့လိုမယ်လို့ ယူဆပါတယ်။ ဒါ ဦးဇုန်လှယ်ထန်းက အရင်က တော်တော်လေးဆွေးနွေးသွားလို့ ကျွန်တော် ပြန်သတိရလို့ ထည့်ပြီးတော့ ပြောတာပါနော်။

အဲဒီတော့ ဒီအချက် (၂)ချက်ပါပဲ။ ခုနက ဆရာ/ဆရာမ အပိုင်းမှာ သူ့ရဲ့ ထိုက်သင့် တဲ့ အချိန်အခါအလျောက် ရာထူးအဆင့်အတန်း သူသည် ဒီဘဝမှာ န စ်မြုပ်ပြီးတော့မှ ပီတိနဲ့ နေနေတဲ့အခါမှာ ပီတိချည်းပဲစားလို့အားက မရှိတော့ဘူး။ တဖြည်းဖြည်းနဲ့ တစ်ခါတည်း လုံးပါးက ပါးလာတဲ့ သဘောဖြစ်တာမျိုး မဖြစ်အောင် ရသင့်ရထိုက်တဲ့ ထိုက်တန်တဲ့သူကို ထိုက်တန်သလို ချီး မြှောက်ခြင်း၊ အရေးယူသင့်တဲ့သူကို ထိရောက်စွာအရေးယူခြင်း၊ တစ်ဖက်ကလည်း သူတို့ကို အင်္ဂလိပ်နဲ့ပတ်သက်လို့ ပညာရေးကို အဆင့်မြှင့်မယ်ဆိုရင် ကမ္ဘာ့ပညာရေးနဲ့ ချိတ်ဆက်နိုင်အောင် English စာကိုတော့ မြှင့်မှရမယ်။ စင်ကာပူမှာ Singlish ကို ပြောတဲ့အခါမှာ လီကွမ်ယူ ကနေပြီး Singlish ကနေ English ဖြစ်အောင် အမျိုးသားရေး လှုပ်ရှားမှုအနေနဲ့ လုပ်ရမယ်ဆိုပြီးတော့ ဒီလိုလုပ်ပါတယ်။ လုပ်တဲ့အခါမှာ တလောက Singaporean တွေနဲ့ စင်ကာပူသွားတဲ့အခါမှာ ကျွန်တော့်ဆီက ကလေးလေး မြေးလေး ပါသွားတဲ့အခါကျတော့ ကျွန်တော့်မြေး လေးက Singaporean အင်ဂျင်နီယာတွေကို မှတ်ချက်ပြုတယ်။ မင်းတို့ Singaporean တွေ English သိပ်ညံ့တာပဲ။ Pronunciation တွေ သိပ်ညံ့တာပဲ။ ဟိုက တောင်းပန်တယ်။ တို့က Singlish ပြောတတ်တာပါ။ English ပြောတတ်တာမဟုတ်ဘူးဆိုတာမျိုး ဖြစ်လာတာပေါ့။ ဒါပေမဲ့ မြန်မာကလေး၊ မြန်မာကျော င်းသားတွေ နိုင်ငံခြားမှာ ကျောင်းသွားနေရင် မညံ့ပါဘူး။ လုံးဝမညံ့ဘူး။ ထိပ်ဆုံးကပါ။ ပတ်ဝန်းကျင်

ကောင်းတစ်ခု လိုနေတာပဲလို့ ယူဆပါတယ်။ English စာနဲ့ပတ်သက်လို့ အဲဒီတော့ ဒါကြောင့်မို့လို့ တချို့တတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ ဘာတွေညာတွေက တခြား အင်္ဂလိပ်စာ အထူးပြုကျောင်း တွေမှာ ကျွန်တော်ကိုယ်တိုင်လည်း ကျွန်တော့်မြေးကို သွားထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ Globalish ကိုဖြစ်လာတဲ့အခါမှာဆိုပြီးတော့ မျှော်လင့် ပြီးတော့ ဒီလိုလုပ်နေရတဲ့သဘောရှိတဲ့အခါကျတော့ ဒါလေးတွေကို ပညာရေးစနစ် ပြောင်းလဲတဲ့အခါမှာ ထည့်စဉ်းစားပေးဖို့ ကျွန်တော် ပညာရေး ဝန်ကြီးကို တင်ပြပါတယ်။

**အချိန်၊ ၁၅း၃၁။**

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့စပ်လျဉ်းပြီးတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ပြန်လည် ဖြေရှင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၅း၃၁။**

**ဒေါက်တာမြအေး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင် ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ပဏာမအနေနဲ့ ကျွန်တော့်အနေနဲ့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ ပညာရေးဆိုင်ရာ အဆိုနဲ့ စပ်လျဉ်းပြီးတော့ ဒီ သူ့အဆိုကို အရင်ဖတ်ပြပါမယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးအဆင့် အတန်း မြင့်မားရေးအတွက် အခြေခံပညာကဏ္ဍတွင် ဆရာအတတ်ပညာသင်တန်းများကို အဆင့်မြှင့် တင်ပေးခြင်း၊ ဖြည့်ဆည်းပေးခြင်း၊ အတန်း တွဲသင်ကြားနည်း Multi- grade Teaching ပုံစံမှ ကလေးဗဟိုပြု (Child Centre Approach -CCA) ပုံစံသို့ ပြောင်းလဲနိုင်ရေးအတွက် ဆရာ၊ ကျောင်းသား အချိုးကိုလည်း ပြန်လည်သုံးသပ် ပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြန်လည် ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ ပညာရေးအဆင့်အတန်း မြင့်မားရေးအတွက် ပညာရေး တက္ကသိုလ်များနဲ့ ပညာရေးကောလိပ် ကျောင်း(၂၀)ရှိပါတယ်။ ပညာရေးတက္ကသိုလ်ကလည်း (၂)ကျောင်းရှိပါတယ်။ လုပ်ငန်းခွင် အကြို ဆရာအတတ်သင် သင်တန်းများ ဖွင့်လှစ်ပေးပြီးတော့ သင်တန်းဆင်းများကို လုပ်ငန်းခွင် နေရာချထားပေးလျက်ရှိပါတယ်။ လောလောဆယ် အခြေခံပညာအဆင့်အလိုက် ဆရာ /ဆရာမ

များအား သင်ကြားမှု စွမ်းရည်မြင့်မားရေး သင်တန်းများသို့ တက်ရောက်စေပြီး ပညာရှင်အဆင့် တိုးမြှင့်သတ်မှတ် ပေးလျက်ရှိပါတယ်။ ဆရာအတတ် ပညာရည်မြင့်မားရေးအတွက် နွေရာသီတွင် ကျောင်း အုပ်ချုပ်မှုသင်တန်း ကျောင်းအုပ်များကိုသင်ပါတယ်။ ဘာသာရပ်မွမ်းမံမှု သင်တန်း ဆရာ/ဆရာမ အခြေခံတွေမှာ သင်ပါတယ်။

သင်ကြားသင်ယူမှု ပတ်ဝန်းကျင် ပြည့်စုံကောင်းမွန်ရေးအတွက်လည်း အခြေခံကျောင်းများအား တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဥပမိရုမကောင်းတဲ့ ကျောင်းများကိုလည်း ဒီ ပညာသင်နှစ်မှာလည်း ပြုပြင်ပေးလျက်ရှိပါတယ်။ အသစ်ဆောက်လုပ်ပေးခြင်းလည်း လုပ်လျက်ရှိပါတယ်။ ထို့ကြောင့်မို့လို့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်း ပေါင်း (၅၇)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲပေါင်း(၈၀)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း (၇၆)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ (၁၈၇)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းပေါင်း (၁၇၆) ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခွဲ (၃၆)ကျောင်းတို့ကို အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ကျောင်းဆောင်သစ်များ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းများနဲ့ စပ်လျဥ်းပြီးတော့ ကျွန်တော်တို့ ဌာနအနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ သာမန်အသုံးစရိတ် (၁၇.၅၁၃)ဘီလီယံနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ကနေ ပြီးတော့ (၂၅.၂၀၂) ဘီလီယံကို ကျခံသုံးစွဲလျက်ရှိပါတယ်။ ယနေ့ အထိပေါ့။ နောက် လက်ကျန်ငွေ ကိုလည်း ဒီ လကုန်အတွင်းမှာ အပြတ်ဖြတ်ပြီးတော့ ဥပမိရုပ် မကောင်းတဲ့ကျောင်းတွေကို ပြုပြင်ဖို့လုပ်နေပါတယ်။ ထို့အတူပဲ မိဘပြည်သူများနဲ့ Co-operation တွေနဲ့လဲ ပူးပေါင်းဆောင်ရွက်ပြီးတော့ အကူအညီပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီး / ပြည်နယ်ဝန်ကြီးချုပ်များကလည်း သတ်သတ်မှတ်မှတ်ထပ်ပြီးတော့ သူတို့ ပြုပြင်တာတွေလုပ်လျက်ရှိပါတယ်။

နောက် ပရိဘော ဂနှင့် ကျောင်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ သိပ္ပံပစ္စည်းများ၊ ဓာတ်ဆေးများ၊ သင်ထောက်ကူပစ္စည်းများ၊ မီဒီယာသုံးပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း ဒီနှစ်မှာ ဆော င်ရွက်လျက်ရှိပါတယ်။ နောက် ကလေးဗဟိုပြု ချဥ်းကပ်သင်ယူမှု (Child Centre Approach - CCA)ပုံစံသို့ မြှင့်တင်ဖို့ အတွက် UNICEF အဖွဲ့နဲ့ ပူးပေါင်းပြီးတော့ ကလေးပျော်ကျောင်း (Child Friendly School CFS) စီမံချက်ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် JICA အဖွဲ့နဲ့ ပူးပေါင်း၍ CCA စီမံချက်ကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ပညာသင်နှစ်တွင် စုစုပေါင်း

(၆၀)မြို့နယ်မှာ ဆရာ/ဆရာမများကို မွမ်းမံပေးလျက်ရှိပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံဖြင့် လေ့ကျင့်သင်ကြား ပေးနိုင်ရေးအတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ မြို့နယ် (၉၃)မြို့နယ်မှာရှိသော အခြေခံ ဆရာ /ဆရာမများ၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ (၈၉)မြို့နယ်နဲ့ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မှာ (၇၃)မြို့နယ်၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ (၆၄)မြို့နယ်နဲ့ အားနည်းသည့် မြို့နယ်(၃၀) အပါအဝင် စုစုပေါင်း (၉၄)မြို့နယ် တို့တွင် လေ့ကျင့်သင်တန်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ မြို့နယ်အားလုံး (၃၃၀)မြို့နယ်မှ မူလတန်းသင် ဆရာ /ဆရာမများ အားလုံးက မူလတန်းအဆင့် ကျောင်းသား /ကျောင်းသူများအား ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုပုံစံ CCA ဖြင့် လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာသင်ခန်းတစ်ခန်းလျှင် ဆရာတစ်ဦးနှုန်း ခန့်ထားပေးနိုင်ရန်မှာ မူလတန်းအဆင့်တွင် အတန်း (၅)တန်းရှိသဖြင့် အနည်းဆုံးမူလတန်း ကျောင်းသားဦးရေ(၁၄၀)ဦးနှင့် အထက်ရှိမှသာ မူလတန်းကျောင်း ဖြစ်လို့ ရမှာဖြစ်ပါတယ် ခင်ဗျား။ ကျောင်းသားဦးရေ (၁၄၀)အောက်ရှိသော မူလတန်းကျောင်းဦးရေမှာ (၂၀၀၀၀)ခန့် ရှိနေပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ အဲဒီကျောင်းများအတွက် ဆရာအနည်းဆုံး (၃)ဦးနှုန်းဖြင့် ဆရာဦးရေ (၆၀၀၀၀)လိုမယ် ဖြစ်ပါတယ်ခင်ဗျား ။ ကျောင်းသားဦးရေနည်းပါးသည့် မူလတန်း ကျောင်းများတွင် အတန်းတွင်းသင်ကြားမှု (Multigrade Teaching) ပုံစံဖြင့် သင်ကြားနေရဆဲ ဖြစ်သော်လည်း (CCA)နည်းဖြင့် သင်ကြားပေး နိုင်ခြင်းဖြင့် ကျောင်းသား / ကျောင်းသူများရဲ့ တတ်မြောက်မှုအရည်အသွေးကို မြှင့်တင်ပေးနိုင်မယ်လို့ ခံယူပါတယ်ခင်ဗျား ။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် လုပ်ငန်းခွင် အကြို ဆရာအတတ်ပညာဘွဲ့၊ ဒီပလိုမာ သင်တန်းများမှ သင်တန်းဆင်း(၁၂၈၂)ဦးအား အလယ်တန်းပြများအဖြစ်လည်းကောင်း၊ သင်တန်းဆင်း (၇၁၆၄)ဦး အား မူလတန်းပြများအဖြစ်လည်းကောင်း၊ စုစုပေါင်း (၈၄၄၆)ဦးကို ဖြည့်ဆည်းခန့်ထားခဲ့ပြီးဖြစ် ပါတယ်။ တစ်ခါ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အမီ သင်တန်းဆင်း (၅၁၂)ဦးအား အလယ်တန်းပြ အဖြစ်လည်းကောင်း၊ သင်တန်းဆင်း (၂၇၁၂)ဦးအား မူလတန်းပြ အဖြစ်လည်းကောင်း၊ စုစုပေါင်း (၃၂၃၄)ဦးအား ဆက်လက်ဖြည့်ဆည်း ခန့်ထားပေးရန် စီစဉ်ထားပြီးဖြစ်ပါတယ်ခင်ဗျား။

ခုန အဆိုများနဲ့ ပတ် သက်ပြီး ဆွေးနွေးရမယ်ဆိုရင် ဖွန်လထဲမှာ ကျွန်တော်တို့ ဒီအခြေခံကဏ္ဍနဲ့ အဆင့်မြင့်ကဏ္ဍ(၂)ပိုင်းခွဲပြီးတော့ အဆင့်မြှင့်တင် ရေးအတွက် (workshop)

လုပ်ခဲ့ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဝန်ကြီးဌာနမှာပဲ။ နောက်ဆုံး Conclusion ဆွဲရမယ် ဆိုရင်တော့ အခြေခံကဏ္ဍမှာလည်း ဆရာရဲ့ Quality မမီတာပဲ ထွက် လာတယ်။ အဆင့်မြင့် ပညာကဏ္ဍမှာလည်း ဆရာရဲ့ Quality ပေါ်မှာပဲလာပြီးတော့ အောက်တန်းက ထွက်လာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က Quality Drive အနေနဲ့ ဆရာက Quality မပြည့်ဘဲနဲ့ ကျောင်းသူကျောင်းသား ဟာ ဘယ် လိုမှ အဆင့်မမီဘူး ဆိုတာ ကျွန်တော်တို့ သဘောပေါက် လာပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီ နိုင်ငံခြား call တွေလာလို့ ရှိရင်လည်း ဆရာရဲ့ Quality ကို Upgrade ဖြစ်အောင်လို့ ကျွန်တော်တို့ နိုင်ငံကနေပြီးတော့ နိုင်ငံခြားကို ဆရာ/ဆရာမလွှတ်ဖို့ဆိုရင် အင်မတန်ခက်ခဲပါ တယ်ခင်ဗျား။ ဒါကြောင့်မို့လို့ နိုင်ငံကြီးတွေ၊ အချို့စင်ကာပူသွားတုန်းကလည်း စင်ကာပူက ရန်ကုန်လာမယ်။ ကျွန်တော့် ဆရာ /ဆရာမ၊ ဒီမှာဆို ရင် (၁၅၀)(၂၀၀)ကြားကို သူတို့က လာ Training လုပ်လို့ရတယ်။ သူတို့မှာလည်း Training က အင်မတန်ကောင်းပါတယ် ခင်ဗျား။ (NTU)က (Nanyang Technology University )က သီးခြား Training မှာ နာမည်ကျော်ပါခင်ဗျား ။ နောက် ကျွန်တော်တို့ (JohnHaskim University )ကလည်း ကျွန်တော်တို့နဲ့ ညှိနေပါတယ်။ သူတို့လည်း ကျွန်တော်တို့ဆီလာပြီးတော့ ဒီ Higher Education နဲ့ Basic Education ဆရာ/ဆရာမ တွေရဲ့ Quality ကိုမြင့်အောင် သူတို့ကူညီပေးမယ်လို့ ကျွန်တော်တို့က Promise ရပါတယ်။ သဘောကတော့ ကျွန်တော်တို့ ရန်ကုန်နဲ့ဆိုရင်တော့ (JohnHoskim) နဲ့ ရန်ကုန်နဲ့က ခုတော့ မလုပ်ရသေးဘူးခင်ဗျား ။ Partner University နဲ့ ကျွန်တော်တို့ စိတ် ကူးထဲရှိနေပါတယ်။ သမ္မတကြီးလည်းသိပါတယ်။ နောက်တစ်ခါ (EC) European Commissioner ကြီးလာ ပါတယ်။ လာပြီးတော့သူက Focal Point အနေနဲ့ ဘယ်တက္ကသိုလ်ထားမလဲဆိုတာ ကျွန်တော်က Second အနေနဲ့ဆိုရင်တော့ မန္တလေး University ကိုထားပါမယ်။ နောက်ကျမှ ရန်ကုန် စီးပွားရေးတက္ကသိုလ်တို့၊ မော်လမြိုင်တက္ကသိုလ်တို့၊ ပုသိမ်တ က္ကသိုလ်တို့ အစဉ်အလာရှိတဲ့ တက္ကသိုလ်ကြီးတွေနဲ့ ကျွန်တော်တို့က ဒီ Partner University နဲ့ လုပ်မယ်လို့ ကျွန်တော်တို့ Plan လည်းရှိပါတယ်။ အဓိကကတော့ ကျွန်တော်တို့ ဆိုလိုချင်တာကတော့ သီးခြား Quality ကို Drive လုပ်ရမယ်။ အဲဒီတော့ နောက်တစ်ခါ ကျွန်တော်တို့ ဆရာ /ဆရာမတွေနဲ့ ဥပမာ နယ်စပ်ဒေသဆိုရင် ကျွန်တော်တို့ တော်တော်လေးကို အခက်အခဲ ဖြစ်ပါတယ်။ လေရှီး၊ နန်းယွန်းတို့၊ လဟယ်တို့ဆိုရင် သွားရေးလာရေးက အင်မတန် ခက်ခဲပါတယ်။ လစာထုတ်ဖို့လည်း သူတို့ခများမှာလည်း အင်မတန်ခက်ခဲပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အမှန်လည်း

သိလာတဲ့အတွက်ကြောင့်မို့လို့ အခုတော့မလုပ်သေးပါဘူးခင်ဗျာ။ A,B,C,D,E Plan ဆွဲပြီးတော့ ဝေးလံခက်ခဲတဲ့ဒေသမှာရှိတဲ့ ဆရာ /ဆရာမတွေဆိုရင် လစာကို တိုးမြှင့်ပေးဖို့ ကျွန်တော်တို့က အစီအစဉ်လည်း ဆွဲလျက်ရှိပါတယ်ခင်ဗျား ။ အတည်တော့ မပြုသေးပါဘူးခင်ဗျား ။ အဲဒါလည်း လွှတ်တော်က တင်နိုင်ရင် တင် ရပါလိမ့်မယ်ခင်ဗျား ။ အမှန်ကတော့ ဒီ ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ အခြေခံပညာအရည်အသွေးမြင့်မားရေး အတွက် ပြန်လည်သုံးသပ်ပြုပြင်နိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လုပ်ဆောင်ဆဲလည်းဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ မှတ်တမ်းတင်သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား ။ (ဩဘာသံများ)

**အချိန်၊ ၁၅း၄၁။**

**ဥက္ကဋ္ဌ။** ။ ဦးခင်မောင်ရီ ရဲ့ သဘောထားကို တင်ပြပါ။

**အချိန်၊ ၁၅း၄၁။**

**ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့အဆိုမှာ ကဏ္ဍ (၃)ရပ်ပါပါတယ်။ အပိုင်း (၃)ပိုင်း ပါပါတယ်။ အဲဒီမှာ နံပါတ် (၁)ကတော့ ဆရာ၊ သင်တန်းအဆင့်မြင့်ဖို့ ဖြစ်ပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ဝန်ကြီးရဲ့ ရှင်းလင်းချက်အရ အဲဒီမှာ လက်တွေ့လုပ်နေတာနဲ့ လုပ်မယ့် အစီအစဉ်တွေကို သိပြီးဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ပစ္စည်းများလုံလောက်အောင် ပံ့ပိုးမှုနဲ့ CCA တင်ပြနည်းအတွက် ကျွန်တော် တင်ထားတာဖြစ်ပါတယ်။ အဲဒီအတွက်လည်း လုပ်နေတဲ့ အစီအစဉ် သိထားပါတယ်။ နောက်ဆုံး Multigrade Teaching အတွက် ဆရာ၊ ကျောင်းသားအချိုးနဲ့ ခန့်ဖို့တော့ အင်မတန် ခက်ခဲမှန်း ကျွန်တော်ကိုယ်တိုင် သိပါတယ်။ ဘာပြုလို့ လဲဆိုတော့ ကျွန်တော်ဟာ မြန်မာနိုင်ငံကျောင်းပေါင်း (၄၀၀၀၀)ကျော်ကို တစ်တန်းကို တစ်ယောက် ဆရာရဖို့ဆိုတာ သိပ်ခက်ခဲတဲ့အတွက်ကြောင့်၊ မြန်မာနိုင်ငံရဲ့ Budget ကိုလည်း ပြန်ကြည့်ရတဲ့အတွက်ကြောင့် လုပ်ပြီး ၊ လုပ်ဆဲ၊ လုပ်လတ္တံ့ အစီအစဉ်တွေထဲမှာ နိုင်ငံရဲ့ ဝန်နဲ့ အားနဲ့ မြှားနဲ့လေး ရသလောက် လုပ်နေတယ်လို့ မြင်နိုင်တဲ့အတွက်ကြောင့် ကျွန်တော့်အဆိုကို လွှတ်တော်က နောင်အခါမှာ လိုအပ်ရင် သုံးနိုင်အောင် မှတ်တမ်းတစ်ရပ်အဖြစ် ထားပါရန် ကျွန်တော် ဆန္ဒပြုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၄၁။**

**ဥက္ကဋ္ဌ**။ ။Training For Trainers ပေါ့။ ဒါကို ဖိဖိစီးစီးဆောင် ရွက် ပေးဖို့ မေတ္တာရပ်ခံပါတယ်။ အဲဒီတော့ အဆိုဆိုတာ တကယ်တော့ ပျက်ပြယ်ရင် ပျက်ပြယ်တယ်။ အတည်ပြုရင်ပြုတယ်။ ဒါပဲရှိတာပေါ့။ သို့သော်လည်း ရုပ်သိမ်းမယ်ဆိုပေမယ့် ခုနလို အဆို တင်သွင်းတဲ့ သူကလည်း သိက္ခာကျမယ်။ အတည်ပြုတယ်ဆိုလည်း လုပ်ရ၊ ကိုင်ရတဲ့သူကလည်း အတည်မပြုစေချင်ဘူးဆိုတဲ့အတွက် ဦးခင်မောင်ရီ ရဲ့ တင်ပြချက်အတိုင်းပဲ မှတ်တမ်းတင် ကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

## ဦးဘိုးရယ် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်း သစ်တစ်ခုအား ဦးစားပေးဖွင့်လှစ်ပေး ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် /မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၅း၄၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘိုးရယ် က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေး စခန်းသစ်တစ်ခုအား ဦးစားပေး ဖွင့်လှစ်ပေးပါရန် နှင့် စပ်လျဉ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဘိုးရယ် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၄၁။**

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခုလိုအဆိုတင်သွင်းခွင့်ရတဲ့အတွက် များစွာကျေးဇူး တင်ရှိပါတယ်။ ကျွန်တော် တင်သွင်းမယ့် အဆိုကတော့ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက်

ကျွန်တော်တို့ ကယားပြည်န ယ်မှာ နယ်စပ်ကုန်သွယ်ရေးစခန်းသစ် တစ်ခု ဖွင့်လှစ်ပေးသင့်ကြောင်း အဆိုပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအ ခြေခံဥပဒေပုဒ်မ ၃၁ မှာ နိုင်ငံတော်သည် ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှကူညီဆောင်ရွက်မယ်။ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ဂ) မှာလည်း နိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှု အဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတက်ဖွံ့ဖြိုးရေးတို့ကို ရှေးရှုဆောင်ရွက်မယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ၃၀-၃-၂၀၁၁ ရက်နေ့ နိုင်ငံတော်သမ္မတကြီးက မိန့်ခွန်းပြောကြားရာမှာ ဈေးကွက်စီးပွားရေးဆိုရာမှာ ကျွန်တော်တို့အနေနဲ့ နိုင်ငံနဲ့ပြည်သူ ဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှုပြီး ဖွင့် သင့်တာဖွင့်၊ ပြင်သင့် တာပြင်၊ ဖိတ်ခေါ် သင့်တာဖိတ်ခေါ်ပြီး ပီပီပြင်ပြင်ဆောင်ရွက်သွား မယ့် ဈေးကွက်စီးပွားရေးစနစ်မျိုးကို ရည်မှန်းထားပါတယ်လို့ လမ်းညွှန်မိန့်ကြားသွားတဲ့အတွက် ပြည်သူအများ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ သလို ကျွန်တော်တို့ ကယားပြည်နယ် ပြည်သူလူထု များကလည်း ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက်များစွာ မျှော်လင့်လျက် ရှိနေကြပါတယ်။ ကျွန်တော်တို့ ကယားပြည်နယ်ဟာ အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့နှိုင်းယှဥ်ရင် စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးလှပါတယ်။ ဒါကြောင့် ကယားပြည်နယ်ရဲ့ စီး ပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူပြုနိုင်မယ့် နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုကို ဖွင့်လှစ်ပေးစေလို ပါတယ်။ ဒီဆန္ဒဟာ ပြည်နယ်အတွင်း မှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူတွေ အဓိကမျှော်လင့်တောင့် တနေကြတဲ့ ဆန္ဒလည်း ဖြစ်ပါတယ်။ ကယားပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းတဲ့အခါမှာလည်း မြို့နယ်တွေ က ဦးစားပေး တင်ပြကြတဲ့ ကိစ္စလည်းဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကယားပြည်နယ်အတွင်း နယ်စပ်ကုန်သွယ်ရေး စခန်း ဖွင့် လှစ်ပေးခြင်းဟာ ဒေသ ဖွံ့ဖြိုးရေးအတွက် လက်တွေ့ကျတဲ့ လုပ်ငန်းစဥ် တစ်ခုဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ပေးတာဟာ ကယားပြည်နယ်တွင်သာမက မြန်မာနိုင်ငံအလယ်ပိုင်းက ကုန်စည်တွေကို ထိုင်းနိုင်ငံနဲ့ အချိန် တိုအတွင်း ကုန်သွယ်မှုဆောင်ရွက်နိုင်မှာဖြစ်သလို သယ်ယူပို့ဆောင်ရေး စရိတ်လည်း သက်သာလို့ ဈေးကွက်ယှဥ်ပြိုင်နိုင်မှု ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ကယားပြည်နယ် ဒေသခံပြည်သူတွေ တစ်ဖက်နိုင်ငံကို သွားရောက်အလုပ်လုပ်ကိုင်မှု လျော့နည်းစေပြီး၊ ဒေသအတွင်းအလုပ်အကိုင်

အခွင့်အလမ်းတွေ ပိုမိုရရှိစေမှာဖြစ်ပါတယ်။ အလုပ်လ က်မဲ့ လျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်တွေ အပြည့်အ ဝ အကောင်အထည်ဖော်ဆောင်ရွက်လာနိုင်မှာ ဖြစ် ပါတယ်။ နယ်စပ်ကုန်သွယ်ရေး စခန်းဖွင့်လှစ်ပေးတာနဲ့ ဒေသခံပြည်သူတွေဟာ စီးပွားရေး နဲ့ အခြားအသိအမြင် ဗဟုသုတတွေကြွယ်ဝလာလို့ ဒေသအတွင်း တည်ငြိမ်အေးချမ်းရေး ခိုင်မာစွာတည်ဆောက်နိုင်မှာ ဖြစ်သလို နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအတွက် အခွန်ဘဏ္ဍာငွေများ ပိုမိုရရှိလာမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရေးနဲ့စပ်လျဉ်းတဲ့ အခြေခံလိုအပ်ချက်တွေအနေနဲ့ နယ်စပ်ကုန်သွယ်မှု စခန်းဖွင့်လှစ်မယ့်ဒေသမှာ လုံခြုံအေးချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု အခြေအနေမှာ ကုန်သွယ်မှုချောမွေ့စွာ ဆောင်ရွက်နိုင်မယ့် အဆင့်အထိကောင်းမွန်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးကောင်းမွန်ပြီး နှစ်နိုင်ငံလုံးက နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်လှစ်ရေး ညှိနှိုင်း သဘောတူညီချက်ရရှိပြီးဖြစ်ရန်လိုအပ်ခြင်း၊ နယ်စပ်ကုန်သွယ်မှုစခန်းသစ်ဖွင့်လှစ်ရေးနဲ့ ပတ်သ က်လို့ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ၊ အကောက်အခွန်အဆိုင်ရာ ၊ ဘဏ်လုပ်ငန်းဆိုင်ရာ သဘောတူညီချက်များ ရရှိပြီး လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ နှစ်နိုင်ငံပို့ကုန်သွင်းကုန် အပြန်အလှန် မျှတစွာကုန်သွယ်နိုင်သည့် ပမာဏ ရှိရန်လိုအပ်ခြင်း၊ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များနှင့် ချိတ်ဆက်ကုန်သွယ်မှုပြုလုပ်နိုင်ခြင်းစတဲ့ အချက်များဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်အတွင်း နယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်သင့်သည့် မယ်စဲ့မြို့နယ်မှာ နယ်စပ် ကုန်သွယ်ရေးစခန်းဖွင့်လှစ်ဖို့လိုအပ်တဲ့ ဒေသအခြေခံအချက်တွေ ပြည့်စုံ မှုရှိနေတာကို လေ့လာတွေ့ရှိချက်အရ တင်ပြလိုပါတယ်။ မယ်စဲ့မြို့နယ်မှာ တ ပ်မတော်၊ နယ်ခြားစောင့်တပ်တွေအခြေပြုပြီး လုံခြုံရေးဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရက နိုင်ငံ တစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ဆွေးနွေးလျက်ရှိရာ မှာ ကျွန်တော်တို့ ကယားပြည်နယ်မှာ ရှိတဲ့ KNPP လက်နက်ကိုင်အဖွဲ့နဲ့လည်း အလုပ်သဘော ဆွေးနွေးပြီးဖြစ်ပါတယ်။ မကြာခင် ပြည်နယ်အဆင့် ဆွေးနွေးတော့မှာ ဖြစ်လို့ ကျွန်တော်တို့ ကယားပြည်နယ်လည်း ထာဝရငြိမ်းချမ်းရေးရောင်ခြည် သန်းလာပြီ လို့ ဆိုနိုင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့မှာ ဖာဆောင်းမြို့နယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင် က အောင်ပန်း - လွိုင်ကော် - မယ်စဲ့လမ်း အဆင့်မြှင့်တင်ရေးနှင့် စပ်လျဉ်းပြီး မေးမြန်းခဲ့တဲ့ မေးခွန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည် ဖြေကြားရာမှာ အောင်ပန်း - လွိုင်ကော် - မယ်စဲ့လမ်းမကြီး သည် နယ်စပ် ကုန်သွယ်ရေး လမ်းမကြီးပေါ်တွင် တည်ရှိတဲ့အတွက် ကတ္တရာလမ်းအဆင့် ကုန်သွယ်ရေးလမ်းမကြီးအဖြစ်ရောက်သည်အထိ ဆောင်ရွက်သွားမည်လို့ ဖြေကြား သွားတာနဲ့ အညီ လက်ရှိမှာ ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါကြောင့် လမ်းပန်းဆက်သွယ်ရေးမှာလည်း ကုန်သွယ်မှုချောမွေ့စွာဆောင်ရွက်နိုင်တဲ့ အဆင့်ရှိပါတယ်။ ကျွန်တော်တို့ က ယားပြည်နယ်ဟာ အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေနဲ့လည်းချိတ်ဆက်ပြီး ကုန်သွယ်မှုပြုနိုင်တဲ့ အချက်အခြာကျတဲ့ ပြည်နယ်တစ်ခုလည်းဖြစ်ပါတယ်။ ဒါကြောင့် ကယားပြည်နယ်၊မယ်စဲ့မြို့နယ်မှာ နယ်စပ်ကုန်သွယ်ရေး စခန်းအသစ်ဖွင့်လှစ်ပေးနိုင်မည့် အခြေခံအချက်တွေရှိနေပြီလို့ ယူဆရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား ။ နိဂုံးချုပ် အနေနဲ့ တင်ပြလိုတာကတော့ နယ်စပ် ကုန်သွယ်ရေးစခန်းဖွင့်လှစ်ပေးခြင်းဟာ ဒေသစီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးသာမက နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ရေရှည်အကျိုးပြုနိုင်မယ့် လုပ်ငန်းတစ်ခုဖြစ်တယ်လို့ ယုံကြည်မျှော် လင့်မိပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေသေးတဲ့ နယ်စပ်ဒေသတွေအတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်းမှာ ဖော်ပြထားတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား အချိုး ကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မယ်လို့လည်း ယုံကြည်မျှော်လင့်မိပါတယ်။ ဒါကြောင့် အဖက်ဖက်က ဖွံ့ဖြိုး မှု အားနည်းနေသေးတဲ့ ကျွန်တော်တို့ ကယားပြည်နယ်အတွက် နယ်စပ်ကုန်သွယ်ရေးစခန်းသ စ် တစ်ခုကို ဦးစားပေးအနေနဲ့ ဖွင့်လှစ် ပေးသင့်ပါကြောင်း လေးစားစွာ အဆိုတင်သွင်းရင်း နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၅း၄၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅:၄၈။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဘိုးရယ်၏ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ကယားပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေး စခန်းအသစ်တစ်ခုအား ဦးစားပေးအဆင့် ဖွင့်လှစ်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းကို လက်ခံဆွေးနွေးဖို့သင့်ပါကြောင်း ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ကျွန်တော် ဦးစောတော်ပလဲ က တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၅:၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးဘိုးရယ် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆို မှာ "ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကယားပြည် နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်း သစ်တစ်ခုအား ဦးစားပေးဖွင့်လှစ်ပေးပါရန်" ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကိုလက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ် တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးဘိုးရယ် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅:၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးဘိုးရယ် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒသမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ၁၁ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၅း၅၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင် ဗျား။ ယခု အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ မတ်လ ၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစည်းအဝေးကို ၁၅း၅၂ နာရီအချိန်တွင် ရပ်နားပါသည်။]